# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၁၆) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

## (၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦးရှိတဲ့အနက် ၃၈၁ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၈၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့မှာ ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၇-၂-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ် ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၉ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၈၁ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၄၈ ဦးအနက် ၂၆ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၂၂ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦး ခွင့် ၂ ရက်၊

(၂) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၂ ရက်၊

(၃) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၂ ရက်၊

(၄) ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၅) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်၊

(၆) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၂ ရက်၊

(၇) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် ခွင့် ၂ ရက်၊

(၈) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၉) ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး ခွင့် ၁ ရက်၊

(၁၀) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် ခွင့် ၂ ရက်၊

(၁၁) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၂ ရက်၊

(၁၂) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၁၃) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၁၄) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊

(၁၅) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၂ ရက်၊

(၁၆) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၁၇) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၁၈) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၁ ရက်၊

(၁၉) အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် ခွင့် ၂ ရက်၊

(၂၀) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၁ ရက်၊

(၂၁) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၂၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက် တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၂၂ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၂ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပင်လောင်းမြို့နယ် တင်းတောင်ကျေးရွာအုပ်စု၊ တင်းတက်ကျေးရွာ အ.ထ.က(ခွဲ)မှ အ.ထ.က ကျောင်းအဖြစ်သို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို ကိုယ်ရောစိတ်ပါ နှစ်ဖြာသောသုခဖြင့်ပြည့်ဝကြပါစေလို့

ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ ကျွန်တော်နှင့်တကွ ပင်လောင်းမြို့နယ်အရှေ့တောင်ခြမ်း တစ်ခြမ်းလုံးရှိ တိုင်းရင်းသားမဲဆန္ဒရှင်များ လိုလားတောင့်တနေသော တင်းတက်အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ဆောင်ရွက်ပေးရန် ဖြစ်ပါတယ်။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တင်းတက်ကျေးရွာဟာ ပင်လောင်းမြို့ အရှေ့တောင်ဘက် ပင်လောင်း-လွိုင်ကော်ပြည်ထောင်စုလမ်းမကြီးနှင့် မိုးပြဲရေလှောင်ကန်ကြားမှာတည်ရှိပြီး အိမ်ခြေ ၄၀၀ ကျော်တည်ရှိတဲ့ရွာတစ်ရွာဖြစ်ပါတယ်။ ပင်လောင်းမြို့နှင့် ၁၀ မိုင်ဝေးကွာပါတယ်။ အဲဒီရွာဟာ တောင်မြောက်သွယ်တန်းနေတဲ့ ပတ်ဝန်းကျင်ရွာကြီးများလည်းရှိပါတယ်။ ပင်လောင်း-လွိုင်ကော် ပြည်ထောင်စုလမ်းမကြီးနှင့် ၅ မိုင်ကွာဝေးပြီး အတွင်းပိုင်းကျသော အရပ်ဒေသလည်းဖြစ်ပါတယ်။ အဲဒီရွာဟာ သွားလာမှုခက်ခဲသော တောင်ကုန်းတောင်တန်းများတွင် တည်ရှိသော်လည်းပဲ ဆရာတော်ဘုရားဦးဆောင်ပြီး ဆရာဒကာ စည်းလုံးညီညွတ်စွာဖြင့် တောင်ကြီးဖဝါးအောက်ဆိုသလို တောင်များကိုကွေ့ကာဝိုက်ကာ ကိုယ်အားကိုယ်ကိုး ကိုယ့်ရပ်ရွာဖွံ့ဖြိုးရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ကြိုးစားပမ်းစားဖောက်လုပ်လာခဲ့ရာမှာ ယခုဆိုလျှင် ယာဉ်ကြီးယာဉ်ငယ်များဖြင့်သွားလာနိုင်တဲ့အထိ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော် စေတနာမေတ္တာဖြင့် ၂၄ နာရီမီးလင်းရေးကိုလည်း ကိုယ့်အားကိုယ်ကိုးဆောင်ရွက်တဲ့နေရာမှာ ယခုဆိုလျှင် ၂၄ နာရီမီးရရှိပြီးဖြစ်ပါတယ်။ ဒီအကြောင်းအရာ နှစ်ခုကိုကြည့်ခြင်းအားဖြင့် မိမိတို့ကျေးရွာဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် မည်မျှစိတ်ဝင်တစားဖြင့်ဆောင်ရွက်နေကြောင်းကို သိမြင်နိုင်ပါတယ်။ တင်းတက်အခြေခံပညာ အထက်တန်းကျောင်းခွဲကို ပင်လောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းဖြင့် တွဲဖက်ထားပြီး ၂၀၀၃-၂၀၀၄ ပညာသင်နှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ပတ်ဝန်းကျင်တွင် အလယ်တန်းကျောင်းခွဲ ၂ ကျောင်း၊ မူလွန်ကျောင်း ၇ ကျောင်း၊ မူလတန်းကျောင်း ၅ ကျောင်း၊ စုစုပေါင်းကျောင်း ၁၄ ကျောင်းဖြင့်ဝန်းရံထားပါတယ်။ ၂၀၁၁- ၂၀၁၂ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော ကျောင်းသားဦးရေ ၆၀၀ ကျော်ရှိပါတယ်။ အဲ့ဒီပတ်ဝန်းကျင်မှာ လာရောက်ပညာသင်ကြားနိုင်ရန်အတွက် ရပ်ရွာမှအခမဲ့ဘော်ဒါများဖွင့်လှစ်ပြီးကျောင်းကော်မတီမှ အားတက်သရော စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းကို နှစ်စဉ်အောင်ချက်ကောင်းမွန်သော ကျောင်းတစ်ကျောင်းလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အခြေခံပညာအဆင့် တစ်ဆင့်ကူးတိုင်းကူးတိုင်း ကျောင်းသားဦးရေ လျော့လျော့လာတာကို လေ့လာသုံးသပ်မိပါတယ်။ အခြေခံပညာ မူလတန်းကျောင်းအောင်မြင်ပြီး အခြေခံပညာအလယ်တန်းကျောင်းကူးတဲ့အခါမှာ ၃၀ ရာခိုင်နှုန်း လျော့နည်းကြောင်း၊ အခြေခံပညာအလယ်တန်းကျောင်းမှ အထက်တန်းကျောင်းသို့တက်လှမ်းတဲ့အခါမှာလည်း ၄၀ ရာခိုင်နှုန်း ထပ်မံလျော့နည်းကြောင်း အခြေခံပညာမူလတန်းကျောင်းသား ၁၀၀ ကျောင်းတက်လျှင် အခြေခံပညာအထက်တန်းကျောင်းအဆင့်တွင် ပညာသင်ကြားနေသော ကျောင်းသား ၃၀ ဦးသာ ကျန်ရှိနေကြောင်းသိရပါတယ်။ ထိုသို့ဖြစ်လျှင် ဖွံ့ဖြိုးမှုနောက်ကျသော လမ်းပန်းဆက်သွယ်မှုခက်ခဲသော တောင်ပေါ်ဒေသရှိ တိုင်းရင်းသားပြည်သူများမှာဆိုရင် ဆိုဖွယ်ရာမရှိ တင်ပြအပ်ပါတယ်။ ဒါကြောင့် တင်းတောင်ကျေးရွာအုပ်စု၊ တင်းတက်အခြေခံပညာ အထက်တန်းကျောင်းခွဲဟာ လက်ရှိအခြေအနေမှာ အထက်တန်းကျောင်းအဆင့်နှင့် လျော်ညီသော ကျောင်းသားအင်အား၊ ကျောင်းအဆောက်အဦ၊ ပရိဘောဂလုံလောက်သော ကျောင်းပိုင်မြေများ ရှိသည့်အပြင် မိဘဆရာကျောင်းအကျိုးဆောင်များ၊ ရပ်ရွာလူထုများဟာလည်း ပညာရေးတွင်စိတ်ဝင်တစားရှိပြီး ပညာရေးကိုအထူးအားပေးလျက်ရှိပါတယ်။ ဒေသခံပြည်သူများ အဘက်ဘက်မှ စိတ်ဝင်စားမှု အထွဋ်အထိပ်ရောက်နေချိန်မှာ လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ပင်လောင်းမြို့နယ် တင်းတောင်ကျေးရွာအုပ်စု၊ တင်းတက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ပေးရန်အစီအစဉ်ရှိ၊ မရှိ သို့မဟုတ် မည်သည့်ကာလတွင် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို ဒေသခံပြည်သူများရဲ့ကိုယ်စားလေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်ပရိတ်သတ်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရှမ်းပြည်နယ်၊ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်းရဲ့ မေးမြန်းချက်ကို ကျွန်တော် ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးအေးကြူက တင်ပြ

ဖြေကြားမှာဖြစ်ပါတယ်။ ပင်လောင်းမြို့နယ် တင်းတောင်ကျေးရွာအုပ်စု၊ တင်းတက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ရန်အတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ အသစ်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲအခြေအနေကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား အကျဉ်းမျှ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ အစိုးရသက်တမ်း ၂ နှစ်နီးပါးကာလအတွင်းမှာ မူလတန်းကျောင်းနေရွယ်ကလေးအားလုံး ကျောင်းနေရေး၊ မူဆင့်မှ လယ်ဆင့်ကူးပြောင်းမှုနှုန်းမြှင့်တင်ရေး၊ အလားတူ အလယ်တန်းအဆင့်မှ အထက်တန်းအဆင့်ကူးပြောင်းမှုကိုမြှင့်တင်ရေးအတွက် ကျောင်းအသစ်ဖွင့်လှစ်ခြင်းနှင့် ကျောင်းအဆင့်တိုးမြှင့်ခြင်းဟာ ၃၅၀၀ ခန့် ကျွန်တော်တို့ တိုးမြှင့်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုတိုးမြှင့် ဆောင်ရွက်ခဲ့တဲ့နေရာမှာ Top-Down အနေနှင့် ကျောင်းသားအရေအတွက်ကို ဗဟိုပြုပြီးတော့ အောက်ခြေက ကျောင်းများတည်နေရာရဲ့ ဝေးလံခက်ခဲမှု၊ ပင်မကျောင်းနဲ့ သွားလာဆက်သွယ်မှု၊ အနီးအဝေးစသည်တို့ပေါ်မူတည်ပြီးတော့ ကျောင်းများကို အသစ်ဖွင့်လှစ်ခြင်းနှင့် အဆင့်တိုးမြှင့်ခြင်းဆောင်ရွက် ခဲ့ပါတယ်။ လာမယ့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာလည်း ယနေ့အထိ အားလုံး စာရင်းဇယားအောက်ခြေနှင့် သက်ဆိုင်ရာအောက်ခြေမြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသခံများနှင့် ပေါင်းစပ်ညှိနှိုင်းပြီးတော့ စာရင်းဇယားအားလုံးပြုစုပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ အားလုံး စုစုပေါင်းအထက်တန်းမှ မူလတန်းကျောင်းခွဲထိ အနည်းဆုံးကျောင်း ၄၅၀၀ တိုးမြှင့်ဖို့အတွက် လျာထားပြီးဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မိဘပြည်သူများရဲ့ ကျောင်းအဆင့်တိုးမြှင့်မှု ကလေးများရဲ့ ပညာသင်ကြားမှုအခွင့်အလမ်း ပိုမိုပွင့်လန်းလာရေးအတွက် ၄ နှစ် အတွက် နိုင်ငံတော်သမ္မတထံ Section များ တင်ပြတောင်းခံထားသော်လည်း ဒီနှစ်နှစ်နဲ့ပဲ အားလုံးကုန်ဆုံးသွားတဲ့အပြင် ထပ်မံ၍ အထက်တန်းကျောင်း Section ၁၂၂ ကျောင်း၊ အလယ်တန်းကျောင်း ၂၃၀၊ အမကကျောင်း ၇၇၅ကျောင်း၊ ၁၁၂၇ ကျောင်း ယခုမတ်လအတွင်းမှာပဲ နိုင်ငံတော်သမ္မတကို ကျွန်တော်တို့ အကျိုးအကြောင်းတင်ပြပြီးတော့ ထပ်မံတိုးမြှင့် Section ဖွင့်ခွင့်ရမယ်ဆိုရင် စုစုပေါင်းဖွင့်လှစ်မည့် ကျောင်းအရေအတွက် ကျောင်းကလာမယ့်စာသင်နှစ်မှာ ၆၀၀၀ ကျော်ဖြစ်သွားပါမယ်။ ၆၀၀၀ ကျော်လုံးဖွင့်ပေးမယ်ဆိုရင် စုစုပေါင်းကျွန်တော်တို့အစိုးရ သက်တမ်းအတွင်းမှာပဲ ကျောင်း Section အားလုံးက ၉၀၀၀ ကျော်ဖွင့်လှစ်ပြီး

ဖြစ်ပါမယ်။ တစ်ပါတည်းပဲ ကျောင်းအသစ် Section ဖွင့်လှစ်ခြင်း၊ မြှင့်ခြင်းနှင့်အတူ ဆရာလိုအပ်ချက်သည် ဆရာအတတ်အသင် ၂၁ ကျောင်း၊ ပညာရေး တက္ကသိုလ်၂ ခု နှင့် မလုံလောက်တဲ့အတွက် လာမည့်စာသင်နှစ်အမီ ဒေသခံဘွဲ့ရ၊ တချို့သောဒေသများမှာ ဆယ်တန်း အောင်စသည်အားဖြင့် ခန့်အပ်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း တင်ပြဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အိန္ဒိယနိုင်ငံရှိ ဥတ္တရာပရာဒေ့ချ်ပြည်နယ် သင်္ကသနဂိုရှိ ယဉ်ကျေးမှုဒေသများအပါအဝင် အထိမ်းအမှတ်နေရာများအား ဆန္ဒတူနိုင်ငံများနှင့်ပူးပေါင်းညှိနှိုင်း၍ ပြန်လည်ဖော်ထုတ်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမယ့်မေးခွန်းကတော့ ပြည်ပမှာရှိတဲ့ယဉ်ကျေးမှုအမွေအနှစ်တွေထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာလူမျိုးမှန်ရင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းဖို့အတွက် အားလုံးမှာတာဝန်ရှိပါတယ်။ ယနေ့ အိန္ဒိယနိုင်ငံမြောက်ပိုင်းမှာရှိတဲ့ ဥတ္တရာပရာဒေ့ချ်ပြည်နယ်၊ ယူပီပြည်နယ်မှာ သင်္ကသနဂိုလိုဒေသမျိုးအပါအဝင် ဒေသအတော်များများမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ယဉ်ကျေးမှုအမွေအနှစ်များစွာရှိပါတယ်။ နှစ်စဉ်လည်း မြန်မာနိုင်ငံကနေပြီးတော့ နိုင်ငံသား ၂၀၀၀၀ ကျော်လောက်ကသွားရောက်ပြီးတော့ လေ့လာနေတာကိုလည်းတွေ့ရပါတယ်။ သို့သော် ဒီနေရာများသည်၊ ဒီဒေသများသည် ပြုပြင်မှုအားနည်းတဲ့အတွက်ကြောင့်၊ ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းတဲ့အတွက်ကြောင့် များစွာပျက်စီးပြီးတော့ မကြာခင်ကာလမှာ ပျောက်ကွယ်သွားမယ့်အနေအထားဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဒေသတွေကို နိုင်ငံတော်အစိုးရအနေနဲ့ ယခုခေတ်အခါမျိုးမှာ အိန္ဒိယနိုင်ငံအစိုးရနှင့် ကျွန်တော်တို့နဲ့ဆန္ဒတူတဲ့နိုင်ငံတွေနဲ့ ညှိနှိုင်းတောင်းဆိုပြီးတော့ ကျွန်တော်တို့ရဲ့ဒေသ သူတို့မှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမယ့်ဒေသတွေကို သူတို့နိုင်ငံရဲ့ ရှေးဟောင်းသုတေသနဦးစီးဌာနကို သိမ်းသွင်းပြီးတော့ ရှေးဟောင်းအမွေအနှစ်အနေနဲ့ ထိန်းသိမ်းပေးမယ်ဆိုရင် ရေရှည်မှာယဉ်ကျေးမှုအမွေအနှစ်တွေမပျောက်မပျက်ဘဲနဲ့ ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ ဥပမာအနေနဲ့တင်ပြရရင်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် တာဝန်ယူခဲ့တဲ့ ဦးသန့် သူကသူ့ကာလလက်ထက်မှာ လုမ္ဗနီကို နီပေါနိုင်ငံမှာအခုလိုပဲကြိုးစားခဲ့ပါတယ်။ ဒါကြောင့် ယနေ့ လုမ္ဗနီကိုသွားရောက်လေ့လာရင် ကျွန်တော်တို့နိုင်ငံရဲ့ယဉ်ကျေးမှုအမွေအနှစ်တွေဟာ မပျောက်မပျက်ဘဲနဲ့ ထည်ထည်ဝါဝါနဲ့ ထိန်းသိမ်းထားနိုင်တာကိုတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြလိုတာကတော့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ ယနေ့ ခေတ်သစ်စနစ်သစ်ပြောင်းလဲနေတဲ့အခါမှာ ထင်သာမြင်သာပွင့်ပွင့်လင်းလင်းနဲ့ ညှိနှိုင်းကြမယ်ဆိုရင် ကျွန်တော်တို့ရဲ့တန်ဖိုးကြီးမားတဲ့အမွေအနှစ်တွေကို ထိန်းနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေ ထိန်းသိမ်းစောင့်ရှောက်တဲ့အနေနဲ့ အိန္ဒိယနိုင်ငံမှာရှိတဲ့ ဥတ္တရာပရာဒေ့ချ်ပြည်နယ်၊ သင်္ဂသနဂိုရှိမှာရှိတဲ့ ယဉ်ကျေးမှုဒေသတွေအပါအဝင် အထိမ်းအမှတ်နေရာများကို ကျွန်တော်တို့နဲ့ ဆန္ဒတူတဲ့နိုင်ငံများနဲ့ ပူးပေါင်းညှိနှိုင်းပြီးတော့ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းဖို့ အစီအစဉ်ရှိ၊ မရှိ မေးမြန်းကြောင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းဆွေ(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးမေးမြန်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယဉ်ကျေးမှုဝန်ကြီးဌာနဟာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ရေးကို နှစ်တိုနှစ်ရှည်စီမံကိန်းများနဲ့ရေးဆွဲပြီးတော့ ကွင်းဆင်းလေ့လာခြင်းဖြစ်တဲ့ (Exploration)၊ တူးဖော်သုတေသနပြုခြင်း (Excavation and Research)၊ ပြုပြင်ထိန်းသိမ်းခြင်း (Conservation) တို့ကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါဒေသများကို ကွင်းဆင်းလေ့လာခြင်း (Exploration) လုပ်ငန်းများဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်-

(က) မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တကောင်းမြို့ဟောင်းနှင့် ပုဂံမြို့ဟောင်း အပါအဝင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသနေရာများနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှာ သမိုင်းမတင်မီခေတ်ဂူများ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ ပျူခေတ်နေရာဒေသများ၊ မြို့ဟောင်းများ၊ ခံတပ်များ၊ သံချက်ဖိုများစသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နေရာဒေသများ၊

(ခ) ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်နှင့် ပဲခူးခရိုင်အတွင်းရှိ ရှေးဟောင်းသာသနိက အဆောက်အအုံများနှင့် ကိုလိုနီခေတ်အဆောက်အအုံများ၊

(ဂ) နေပြည်တော်ကောင်စီနယ်မြေနှင့် ပတ်ဝန်းကျင်ရှိ ကြေးခေတ်၊ သံခေတ်နေရာဒေသများ၊

(ဃ) ပြင်သစ်နိုင်ငံမှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ပညာရှင်များပူးပေါင်းပြီးတော့ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်နှင့် ဂန့်ဂေါမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၊ မော်လိုက်မြို့နယ်၊ မင်းကင်းမြို့နယ်နှင့် ရေဦးမြို့နယ်များအတွင်းရှိ ပရိုင်းမိတ်နေရာဒေသများ၊

(င) ဂျပန်နိုင်ငံမှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှပညာရှင်များပူးပေါင်းပြီးတော့ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်နှင့် ပေါက်မြို့နယ်အတွင်းရှိ ပရိုင်းမိတ်နေရာဒေသများ၊ ကရင်ပြည်နယ် သံတောင်မြို့နယ်ရှိ အထက်ခယင်းမြို့ဟောင်းနေရာ၊

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ အောက်ဖော်ပြပါနေရာဒေသများကိုလည်း ကွင်းဆင်းလေ့လာခြင်း (Exploration) လုပ်ငန်းများဆောင်ရွက်ဆဲဖြစ်ပါတယ်-

(က) ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)ရှိ မြို့ဟောင်းများနှင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ ရှေးဟောင်းယဉ်ကျေးမှုနေရာဒေသများ၊

(ခ) မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံဒေသတစ်ဝိုက်ရှိ ရှေးဟောင်းယဉ်ကျေးမှုနေရာဒေသများ၊

(ဂ) နေပြည်တော်ပတ်ဝန်းကျင်ရှိ ရှေးဟောင်းယဉ်ကျေးမှုနေရာဒေသများ၊

(ဃ) မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ဆက်စပ်ဒေသတစ်ဝိုက်ရှိ ရှေးဟောင်းယဉ်ကျေးမှုနေရာဒေသများ၊

(င) ဂျပန်နိုင်ငံမှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှပညာရှင်များပူးပေါင်းပြီး မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်နှင့် ပေါက်မြို့နယ်အတွင်းရှိ ပရိုင်းမိတ်နေရာဒေသများ၊

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါဒေသများကို တူးဖော်သုတေသနပြုခြင်း (Excavation and Research)လုပ်ငန်းများဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်-

(က) မန္တလေးတိုင်းဒေသကြီးရှိ ပုဂံ-ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်းရှိ အနော်ရထာမင်းနန်းတော်ရာ၊

(ခ) ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ သရေခေတ္တရာမြို့ဟောင်း၊

(ဂ) မကွေးတိုင်းဒေသကြီး တောင်းတွင်းကြီးမြို့နယ်ရှိ ဗိဿနိုးမြို့ဟောင်း၊

(ဃ) စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်ရှိ ဟန်လင်းမြို့ဟောင်း၊

(င) ရှမ်းပြည်နယ် တောင်းကြီးမြို့နယ်၊ ကလောမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ဟိုပုန်းမြို့နယ် အတွင်းရှိ သမိုင်းမတင်မီခေတ်ထုံးကျောက်ဂူများ၊

(စ) မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပုတီးကုန်းကျေးရွာအနီးရှိ ကြေးခေတ်၊ သံခေတ်နေရာဒေသများ၊

နောက်တစ်ခါ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ အောက်ဖော်ပြပါမြို့ဟောင်းများကို တူးဖော်သုတေသနပြုခြင်း (Excavation and Research) လုပ်ငန်းများကိုဆောင်ရွက်ဆဲဖြစ်ပါတယ်-

(က) ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ဓညဝတီမြို့ဟောင်း၊

(ခ) မန္တလေးတိုင်းဒေသကြီးရှိ သပိတ်ကျင်းမြို့နယ်ရှိ တကောင်းမြို့ဟောင်း၊

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါအဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းခြင်း (Conservation)လုပ်ငန်းများဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်-

(က) မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မြနန်းစံကျော်ရွှေနန်းတော်၊

(ခ) ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်များ၊

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ အောက်ဖော်ပြပါအဆောက်အအုံများ၊ နံရံဆေးရေးပန်းချီများနှင့် အနုလက်ရာများကို ပြုပြင်ထိန်းသိမ်းခြင်း (Conservation) လုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ပါတယ်-

(က) သရေခေတ္တရာမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်း၊ မြောက်ဦး၊ စလေ၊ မြင်ကွန်း၊ ပုဂံ၊ ဟန်လင်းဒေသများရှိ ရှေးဟောင်းအဆောက်အအုံများ၊

(ခ) ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးများရှိ ရှေးဟောင်းအဆောက်အအုံများ၊ နံရံဆေးရေးပန်းချီများနှင့် အနုလက်ရာများ၊

(ဂ) ရှေးဟောင်းသစ်သားကျောင်းတော်ကြီးများ၊

(ဃ) ရှေးဟောင်းအဆောက်အုံများနှင့် မှတ်တမ်းပြုစုခြင်းနှင့် နံရံဆေးရေးပန်းချီများအား Digital Format ဖြင့် မှတ်တမ်းပြုစုခြင်း၊

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားများ၏ ဒြပ်မဲ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်(Intangible Cultural Heritage)များကို စာရင်းကောက်ယူလျက် အဆိုပါဒြပ်မဲ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို အမျိုးသားအဆင့်ဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက်လည်း လုပ်ငန်းစဉ်များရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် နှစ်စဉ်ခွင့်ပြုနိုင်ငံတော်ရန်ပုံငွေဖြင့် မိမိနိုင်ငံအတွင်း၌ပင် ဆောင်ရွက်သင့်သည့်လုပ်ငန်းများအား ပြည့်စုံအောင်ဆောင်ရွက်နိုင်ခြင်းမရှိသေးတဲ့အပြင် ပြည်ပတွင်လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန်မှာ ရန်ပုံငွေများစွာလိုအပ်မည်ဖြစ်ပါသောကြောင့် အိန္ဒိယနိုင်ငံရှိ ဥတ္တရာပရာဒေ့ချ်ပြည်နယ် သင်္ကသနဂိုရှိ ယဉ်ကျေးမှုဒေသများအပါအဝင် အထိမ်းအမှတ်

နေရာများအား ဆန္ဒတူနိုင်ငံများနှင့် ပူးပေါင်းညှိနှိုင်းပြီး ပြန်လည်ဖော်ထုတ်ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနကနေပြီးတော့ ဝန်ကြီးဌာနရဲ့ပြည်တွင်းမှာလုပ်တဲ့လုပ်ငန်းတွေကို ရှင်းလင်းတင်ပြသွားတဲ့အတွက် သိရတဲ့အတွက်ကြောင့်လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်မေးတဲ့မေးခွန်းက ဒီမေးခွန်းမဟုတ်ပါဘူး။ ကျွန်တော်သိလိုတဲ့မေးခွန်းက ဘတ်ဂျက်နဲ့လည်းမပါပါဘူး။ ငွေကုန်ကြေးကျလည်းမရှိပါဘူး။ ကျွန်တော်မေးတဲ့မေးခွန်းသည် အိန္ဒိယနိုင်ငံမှာရှိတဲ့အစိုးရနှင့် ကျွန်တော်တို့နဲ့ဆန္ဒတူတဲ့နိုင်ငံတွေနဲ့ ပူးပေါင်းညှိနှိုင်းပြီးတော့ မေတ္တာရပ်ခံပြီးတော့ သူတို့နိုင်ငံရဲ့ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ်ထိန်းသိမ်းပေးထားရင် ပထမအဆင့်အနေနဲ့လုံလောက်ပြီဖြစ်ပါတယ်။ နောင်လာတဲ့ကာလတွေကျမှ ရန်ပုံငွေနဲ့ဖြစ်စေ၊ ပြည်တွင်းအလှူရှင်နဲ့ဖြစ်စေ ပြင်မယ်ဆိုရင်လည်းပြင်လို့ရပါတယ်။ အခုဝန်ကြီးဖြေတဲ့အဖြေသည် ကျွန်တော်တို့မေးတာနဲ့တခြားစီဖြစ်တဲ့အတွက်ကြောင့် ပြန်လည်ဖြေကြားပေးဖို့တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးသန်းဆွေ(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ ယဉ်ကျေးမှုဝန်ကြီးဌာနက ကိုယ့်ဟာကိုယ်ပဲလုပ်လုပ်၊ တခြားလူနဲ့ပဲတွဲပြီးလုပ်လုပ် လွှတ်တော်ကငွေချပေးမှပဲ ကျွန်တော်တို့လုပ်နိုင်တယ်။ အခု အဲ့လိုဖြုတ်တောက်ခြင်းတွေခံနေရတော့ ကျွန်တော်တို့မှာ လုပ်ရမယ့်အလုပ်တွေတောင်မလုပ်နိုင်သေးတဲ့အတွက် အဲ့ဒါကို ကျွန်တော်တို့မလုပ်နိုင်ဘူးလို့ပြောတာပါ။ အဲ့တော့ လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ပြောချင်တာကတော့ ကျွန်တော်တို့ ယဉ်ကျေးမှုဝန်ကြီးဌာနကို မဖြုတ်တောက်ပါနဲ့ ပိုပေးပါလို့ပြောချင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့လည်း မကြာသေးခင်ကမှ ဒုတိယဝန်ကြီးဖြစ်ပြီးတော့ ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီးတာဝန်ထမ်းဆောင်နေသူဖြစ်ပါတယ်။ လွှတ်တော်အနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကစပြီးတော့ ပေါ်ပေါက်လာတဲ့ ခေတ်စနစ်နဲ့အညီ ပြည်ထောင်စုအစိုးရကတင်သွင်းတဲ့ စီမံကိန်း၊ ဘတ်ဂျက် သို့မဟုတ်ရင် ရသုံးမှန်းခြေ နောက်တစ်ခါ အခွန်ဥပဒေများကို ပြည်ထောင်စုလွှတ်တော်က အဆုံးအဖြတ်ပေး အတည်ပြုပေးရတာဖြစ်ပါတယ်။ အဲ့ဒီတုန်းကလည်း ဦးသန်းဆွေက ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ရှိတဲ့အခါမှာ လွှတ်တော်က ဘတ်ဂျက်ဖြတ်တယ်၊ မဖြတ်ဘူးဆိုတာ

လည်း ဦးသန်းဆွေပြန်စဉ်းစားမယ်ဆိုရင် ပြန်သိနိုင်ပါတယ်။ ဒီနေရာမှာ ဦးတင်မောင်ဦးမေးတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ဘက်ကပြန်ပြီးတော့ ထင်မြင်ယူဆတာလေး ဦးသန်းဆွေကိုယ်စားပြန်ပြီးတော့ ဖြေပါမယ်။ ဒီကိစ္စတွေဟာ တခြားနိုင်ငံများနဲ့ဆက်စပ်ပြီးတော့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဝန်ကြီးဌာနတစ်ခုတည်းနဲ့ အဖြေပေးလို့ရတဲ့ကိစ္စမဟုတ်ပါဘူး။ သက်ဆိုင်ရာအစိုးရအနေနဲ့ စဉ်းစားပြီးအဖြေပေးရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လာရောက်ဖြေတဲ့နေရာမှာ အစိုးရရဲ့ကိုယ်စားလာရောက်ဖြေတယ်လို့ ယူဆတယ်ဆိုရင်တော့ ဒီအဖြေဟာ တစ်ခါတည်းပြီးပြတ်မှာပါ။ သို့ရာတွင် ဒီအဖြေသည်အစိုးရရဲ့ကိုယ်စားမဟုတ်ဘဲနဲ့ ဝန်ကြီးဌာနရဲ့ကိုယ်စားလာဖြေတဲ့အတွက် ဒီလောက်ပဲအဖြေပေးနိုင်မယ်လို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ ဦးတင်မောင်ဦးအနေနဲ့ သီးခြားဒီမေးခွန်းကို မိမိလွှတ်တော်ဥက္ကဋ္ဌထံတင်ပြပြီးတဲ့အခါမှာ ဥက္ကဋ္ဌက ဆက်လက်ပြီးတော့ သက်ဆိုင်ရာများနဲ့ညှိနှိုင်းဆောင်ရွက်ပေးပါ့မယ်။

**ကောလင်းမြို့နယ်၊ ယင်းတိုက်အုပ်စု သစ်ဆိမ့်ကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦအား ဆောက်လုပ်ပေးနိုင်ခြင်းရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဝင်း(ကောလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်က ကျေးရွာအချို့ဟာ သဖန်းဆိပ်ဆည်တည်ဆောက်စဉ်တုန်းက ရေဝပ်ဧရိယာအတွင်း ကျရောက်ခဲ့တဲ့အတွက် တချို့ကျေးရွာတွေဟာ ရွှေ့ပြောင်းပေးခဲ့ကြရပါတယ်။ အဲဒီရွာတွေထဲမှာ ကောလင်းမြို့နယ်၊ ယင်းတိုက်အုပ်စုမှာရှိတဲ့ သစ်ဆိမ့်ကုန်းကျေးရွာ၊ ယင်းတိုက်ကျေးရွာ၊ ကြာအင်းကျေးရွာများဟာလည်း ရေလွှတ်တဲ့ကုန်းမြင့်နေရာတွေကို ရွှေ့ပြောင်းပေးခဲ့ကြရတဲ့ ရွာတွေဖြစ်ပါတယ်။ မိဘဘိုးဘွားလက်ထက်ကတည်းက လုပ်ကိုင်စားသောက်ခဲ့ကြတဲ့ လယ်မြေနှင့် ယာမြေတွေဟာလည်းပဲ ရေဝပ်ဧရိယာထဲမှာပါတဲ့အတွက် ကနေ့စိုက်ပျိုးလို့မရပါဘူး။ ဒါကြောင့်မို့လို့ ဒေသခံပြည်သူတွေဟာ စိုက်ပျိုးလို့ရမယ့်နေရာတွေမှာ ဖြစ်ထွန်းမယ့်သီးနှံတွေကို စိုက်ပျိုးလုပ်ကိုင်နေကြသူတွေရှိသလို တချို့ကလည်း လယ်သမားကနေ တံငါလုပ်ငန်းကို လုပ်ကိုင်နေကြရပါတယ်ခင်ဗျား။ ဒီကျေးရွာတွေဟာ ကောလင်းမြို့နှင့် အလွန်အလှမ်းကွာဝေးပါတယ်။ လမ်းပန်းဆက်သွယ်ရေးလည်း

ခက်ခဲပါတယ်။ ပွင့်လင်းရာသီတွေမှာ ကောလင်းမြို့ကိုသွားလာဖို့ လွယ်ကူပေမယ့် မိုးတွင်းကာလမှာတော့ ခက်ခဲတဲ့အတွက် စက်လှေနဲ့ သဖန်းဆိပ်ဆည်ကိုဖြတ်ပြီးတော့မှ ကျွန်းလှမြို့နယ်ထဲက ငါးဘတ်အိုင်ဆိပ်ကမ်း၊ အဲဒီငါးဘတ်အိုင်ဆိပ်ကမ်းကမှ ကျွန်းလှမြို့ကိုသွားရောက်ခြင်းက သွားလာရေးလွယ်ကူတဲ့အနေအထားဖြစ်ပါတယ်။ ဒီကျေးရွာကပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးထားပါတယ်။ ဒါပေမယ့် ရွှေ့ပြောင်းကျေးရွာဖြစ်တဲ့အတွက် အဆောက်အဦ ဆောက်လုပ်နိုင်ခြင်းမရှိသေးပါဘူး။ ဒါကြောင့်မို့လို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦကို ကျန်းမာရေးဝန်ကြီးဌာန ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ၊ မရှိ။ ရှိမယ်ဆိုရင်လည်းပဲ ဘယ်အချိန်အခါမှာ ဆောက်ရွက်ပေးမယ်ဆိုတာ ဒေသခံပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်း ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါရှင့်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၏ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒေါက်တာသိန်းသိန်းဌေး၊ ဒုတိယဝန်ကြီးမှ ဖြေကြားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ် ယင်းတိုက်အုပ်စု၊ သစ်ဆိမ့်ကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦအား အသစ်ဆောက်လုပ်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်သွားရန်အတွက် မူလကစီစဉ်ထားရှိပြီး ဖြစ်ပါကြောင်းနှင့် ၂၀၁၃-၂၀၁၄ ထပ်ဆောင်းရန်ပုံငွေရရှိပါက ဦးစားပေးအဖြစ်ထည့်သွင်းဆောင်ရွက်ရန်အတွက် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်းလေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ပလက်ဝမြို့နယ်၊ သုံးပွင့်ဆိုင်နယ်စပ်ဒေသ ကုလက်ချောင်း (ဒိုးချောင်း၀) ရွာ၌ ကျေးလက်ကျန်းမာရေးဌာန (R.H.C) အသစ်ဖွင့်ပေးပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးပိုက်လင်း(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဝန်ကြီးများ၊ ဧည့်သည်တော်များကို မင်္ဂလာပါဟု မိတ်ဆက်ပါရစေ။ ကျွန်တော်ကတော့ ပလက်ဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ခွင့်ပြုချက်အတိုင်းပဲ ကျွန်တော်မေးမြန်းရမယ်ဆိုရင် ချင်းပြည်နယ်၊ ပလက်ဝမြို့ ဘင်္ဂလားဒေ့ရှ်-အိန္ဒိယ-မြန်မာသုံးပွင့်ဆိုင်နယ်စပ်ဒေသ ကုလက်ချောင်း (ဒိုးချောင်းဝ) ရွာသည် တစ်နှစ်လျှင် ၈ လခန့် ကုလက်ချောင်းရေလမ်း စက်လှေဖြင့် အထက်အောက် ကျေးရွာများသို့ သွားလာနိုင်သော ကျေးရွာဖြစ်ပြီးတော့ အိမ်ခြေ ၂၃၂ အိမ်၊ လူဦးရေ ၁၁၅၃ ဦး အလယ်တန်းကျောင်းရှိတဲ့ အဲဒီဒေသမှာ အကြီးဆုံးရွာဖြစ်တဲ့ ဒိုးချောင်းဝရွာဟာဆိုလို့ရှိရင် လက်ရှိ ကျန်းမာရေးဌာန မီဇာကနေ ၂၇ မိုင်ဝေးသော်လည်းပဲ ရေလမ်းမှာ ကျောက်တောင် နှစ်နေရာရှိတဲ့အတွက် သွားလာရေးခက်ခဲနေတယ်။ နောက် နယ်စပ်စောင့်တပ်စခန်းရှိတဲ့ နီးဝရွာက တောင်ဘက်မှာ ၂၆ မိုင်မှာ တည်ရှိပါတယ်။ လက်ရှိကျန်းမာရေး၏ ငါးနှစ်အောက်ကလေး သေနှုန်းကို တွက်ချက်မယ်ဆိုရင် တခြားရွာများထက် မြင့်မားနေတယ်လို့ ကျန်းမာရေးဌာနကို ပလက်ဝက မြို့နယ်ကျန်းမာရေးဌာနကို မေးမြန်းတဲ့အခါမှာ သိရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒိုးချောင်းဝကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနဖွင့်ပေးဖို့ လွှတ်တော်ကတစ်ဆင့် မေးမြန်းပေးပါလို့ဆိုပြီးတော့ တောင်းဆိုတဲ့အတွက် ကျေးရွာလူဦးရေ သတ်မှတ်ချက်မမီရင်လည်း ဝေးလံခေါင်းပါး နယ်စပ်ဒေသအနေဖြင့် ဦးစားပေးအစီအစဉ် ရှိ၊ မရှိ။ မည်သည့်အချိန်အခါမှာ စီစဉ်ပေးမည်ကိုသိလိုပါကြောင်း မေးမြန်းရရှိခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစာအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင့်။ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်း၏ မေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် သုံးပွင့်ဆိုင်နယ်စပ်ဒေသ ကုလက်ချောင်း (ဒိုးချောင်းဝ) ရွာ၌ လူဦးရေ ၆၀၀၀ ကျော်နှင့် သင့်လျော်မည့် ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်ဖွင့်ပေးနိုင်ရန် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။ (သြဘာသံများ)

**နည်းပညာတက္ကသိုလ်၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများတွင် ဘောလုံးအားကစားကွင်း တည်ဆောက်ရန်နှင့် အားကစားမြှင့်တင်ရန် မည်သို့ စီမံဆောင်ရွက်ထားသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် နည်းပညာတက္ကသိုလ်များ၊ တက္ကသိုလ်၊ ကောလိပ်တို့တွင် အားကစားကွင်းများထားရှိရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သည် မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့ ရောက်ရှိရေး၊ နိုင်ငံတကာအလယ်တွင် နိုင်ငံတော်၏ဂုဏ်သိက္ခာကို အားကစားနည်းဖြင့် မြှင့်တင်နိုင်မည့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမား လူရည်ချွန်များ မွေးထုတ်နိုင်ရေးအတွက် မူဝါဒ၊ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားလောကမြှင့်တင်ခြင်းဖြင့် အားကစားလိုက်စားသူတိုင်းဟာ ကျန်းမာသန်စွမ်းခြင်း၊ ဉာဏ်ပညာဖွံ့ဖြိုးခြင်း၊ လူကောင်းလူတော်များပေါ်ပေါက်လာခြင်း၊ ပူးပေါင်းဆောင်ရွက်လိုသော အသင်းအဖွဲ့စိတ်ဖြစ်ပေါ်လာခြင်း၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာခြင်းစသော အကျိုးကျေးဇူးများ ဖြစ်ပေါ်လာမည်ဖြစ်ပါသဖြင့် အားကစားလောက ပိုမိုအားပေးသင့်ပါကြောင်း၊ ဥပမာ နည်းပညာတက္ကသိုလ် (လှိုင်သာယာ)တွင် အားကစားကွင်းမရှိခြင်းကြောင့် ကျောင်းဝင်းအတွင်း ကားလမ်းမပေါ်တွင် ကျောင်းသားများ ဘောလုံးကစားနေခြင်း။ သို့ဖြစ်ပါ၍ ကျောင်းသူကျောင်းသားများ၏ အကျိုးအလို့ငှာတက္ကသိုလ်၊ ကောလိပ်ကျောင်းများတွင် ဘောလုံးအားကစားကွင်း လိုအပ်လျက်ရှိနေပါကြောင်း ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ မေးခွန်း (၁) နည်းပညာတက္ကသိုလ် (လှိုင်သာယာ)နှင့် တက္ကသိုလ်၊ ကောလိပ်များတွင် ဘောလုံးအားကစားကွင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုပါတယ်။ မေးခွန်း (၂) တက္ကသိုလ်၊ ကောလိပ်များတွင် အားကစားကြေးဟု တရားဝင်ပေးသွင်းငွေများအား အားကစားကွင်းကစားပွဲအခမ်းအနားတို့တွင် သုံးစွဲလိုပါက နိုင်ငံတော်မှခွင့်ပြုနိုင်၊ မပြုနိုင်။ မေးခွန်း (၃) တက္ကသိုလ်၊ ကောလိပ်များတွင် အားကစားမြှင့်တင်စေရန်အတွက် မည်သို့စီမံဆောင်ရွက်ထားပါသနည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသောင်းထိုက်(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား လာရောက်ရှင်းလင်းဖြေကြားတဲ့ ဒုတိယဝန်ကြီး ဦးသောင်းထိုက် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီရဲ့ မေးခွန်းနှင့်ပတ်သက်၍ အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနဲ့သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့နဲ့ပေါင်းစပ်ညှိနှိုင်းပြီးဖြစ်ပါ၍ ကျွန်တော်မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

နည်းပညာတက္ကသိုလ်၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများမှာ ဘောလုံးအားကစားကွင်းတည်ဆောက်ရေးအစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များတွင် ဘောလုံးအားကစားကွင်းတည်ဆောက်ရန် ဘဏ္ဍာရေးနှစ်အလိုက်ဘဏ္ဍာငွေခွဲဝေပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများတွင် အသုံးပြုနိုင်သော ဘောလုံးအားကစားကွင်း ၁၂ ကွင်း ရှိပါတယ်။ ပြုပြင်ရန်လိုအပ်သော ဘောလုံးကွင်း ၅ ကွင်းနဲ့ဘောလုံးကွင်းမရှိသေးသော နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နဲ့ အစိုးရစက်မှုလက်မှုသိပ္ပံ ၂၅ ခုရှိပါတယ်။ ဘောလုံးအားကစားကွင်းများ တည်ဆောက်ရန် သီးခြားဘတ်ဂျက် လျာထားဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ သို့ဖြစ်ပါ၍ ဘောလုံးအားကစားကွင်း မရှိသော ကျောင်းများအနေဖြင့် ဘောလုံးပြိုင်ပွဲများကျင်းပရန် လိုအပ်ပါက အဆင်ပြေသင့်လျော်သော ကွင်းများမှာ အားကစားဝန်ကြီးဌာနမှ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။ နည်းပညာတက္ကသိုလ်၊ တက္ကသိုလ်၊ ကောလိပ်များမှာ အားကစားကြေးကောက်ခံခြင်းနှင့်ပတ်သက်၍ ဆက်လက်ရှင်းလင်းတင်ပြပါမယ်။ အားကစားကြေးကိုကောက်ခံပြီး နိုင်ငံတော်သို့ ရငွေဖော်ပြပေးသွင်းပါတယ်။ အားကစားအသုံးအဆောင်ပစ္စည်းများ ဝယ်ယူခြင်း၊ အားကစားကွင်းပြင်ဆင်ခြင်း၊ အားကစားပွဲအခမ်းအနားများနှင့် အားကစားပြိုင်ပွဲများအတွက် ကုန်ကျစရိတ်များကိုတော့ သတ်မှတ်ထားသော လုပ်ထုံးထုပ်နည်းနဲ့အညီ နိုင်ငံတော် ဘတ်ဂျက်ခွဲဝေမှုကနေပြီးတော့ ကျခံသုံးစွဲလျက်ရှိနေပါကြောင်းကိုလည်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှာ အားကစား

မြှင့်တင်ရန်အတွက် အားကစားပြက္ခဒိန်ရေးဆွဲပြီးတော့ အားကစားပြိုင်ပွဲများ၊ ဦးစီးအဆင့်အားကစား ပြိုင်ပွဲများ၊ ဖိတ်ခေါ်အားကစားပြိုင်ပွဲများ၊ ဗဟိုအဆင့်အားကစားပြိုင်ပွဲများကိုလည်း နှစ်စဉ်ပြုလုပ် ပေးလျက်ရှိပါတယ်။ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံမှာကျင်းပခဲ့သော အာဆီယံတက္ကသိုလ်များ အားကစား ပြိုင်ပွဲကိုလည်း မြန်မာနိုင်ငံမှ တက္ကသိုလ်လက်ရွေးစင် အားကစားသမားများ စေလွှတ်ပြီးတော့ ယှဉ်ပြိုင်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားဝန်ကြီးဌာနအနေနဲ့ နည်းပညာ တက္ကသိုလ်၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများမှာ အားကစားပြိုင်ပွဲများ ကျင်းပရန်အတွက် အားကစားဝန်ကြီးဌာန ပိုင် အားကစားကွင်း/အားကစားရုံများကို သုံးစွဲခွင့်ပြုပါတယ်။ အားကစားပြိုင်ပွဲများ ကျင်းပရန် လိုအပ်သောနည်းပြများ၊ ဒိုင်များကိုလည်း မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် အားကစားဝန်ကြီး ဌာနမှ ညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိပါတယ်။ လိုအပ်တဲ့ အားကစားပစ္စည်းများ၊ အားကစား အထောက်အကူပစ္စည်းများကိုလည်း အားကစားဝန်ကြီးဌာနမှ ထောက်ပံ့ပေးလျက်ရှိတဲ့အပြင် လိုအပ် သော အားကစားနည်းပြများအတွက် အားကစားကာယနည်းပြဆရာ/ဆရာမများ မွမ်းမံ သင်တန်းများ ကိုလည်း အားကစားဝန်ကြီးဌာနမှ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ထပ်မံဖွင့်လှစ် သင်ကြားပေး နိုင်ရေးလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒဂုံတက္ကသိုလ်နဲ့ ရတနာပုံတက္ကသိုလ်တို့မှာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကစပြီး အားကစားရုံသစ်ဆောက်လုပ်ပေးခြင်း၊ လက်ရှိအားကစားကွင်း၊ အားကစားရုံများကို အဆင့်မြှင့်တင်ပြုပြင်ပေးခြင်း၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ တက္ကသိုလ် နှစ်ခုအတွက် အားကစားနည်း ၁၈ နည်းစီကိုလည်း အားကစား နည်းပြများစေလွှတ်ပြီးတော့ ကျောင်းသား ကျောင်းသူအင်အား ၁၀၀၀ ခန့်စီကိုလည်း ယခုလေ့ကျင့် သင်ကြားပေးလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ဒဂုံတက္ကသိုလ်နဲ့ ရတနာပုံတက္ကသိုလ်တို့မှာ သင်တန်းသား ၅၀ ဦးစီပါဝင်တဲ့ B.Sc (Sports) ဘွဲ့သင်တန်း ဖွင့်လှစ် သင်ကြားနိုင်ရေး အတွက်ကိုလည်း ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောက်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**(၂၆)ကြိမ်မြောက် ပြိုင်ပွဲတွင် ဆုလုံးဝမရရှိခဲ့သည့် ကစားနည်း ၈ မျိုးအတွက် အောင်နိုင်မှု အလား အလာအခြေအနေနှင့် အခြားသော အားကစားနည်းများကို နိုင်ငံတကာနှင့် ဖိတ်ခေါ်လက်ရည်စစ် ပြိုင်ပွဲများကို မိမိတို့ကွင်းများမှာ ဖိတ်ခေါ်ယှဉ်ပြိုင်မှုအခြေအနေရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များ၊ မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း ဖြစ်ပါတယ်။ အားကစားဝန်ကြီးဌာနသို့ (၂၇) ကြိမ်မြောက် SEA Games နှင့်စပ်လျဉ်း ပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းများမေးမြန်းဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ (၂၇) ကြိမ်မြောက် SEA Games ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် ကနေပြီးတော့ ၂၂ ရက် အထိ မြန်မာနိုင်ငံမှာ ကျင်းပတော့မှာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာ ကျင်းပမယ့် ပြိုင်ပွဲကြီးမှာ အောင်မြင်မှုများဟာ (၂၆)ကြိမ်မြောက်ပြိုင်ပွဲထက် ပိုမိုရရှိရန်အတွက် အဆင့် ၇ ထက် ကျော်လွန်ပြီးတော့ အဆင့် ၁၊ ၂၊ ၃၊ ၄ ရရှိရန် တစ်နိုင်ငံလုံးက မျှော်လင့်စောင့်စားလျက်ရှိနေကြပါ တယ်။ အောင်ပွဲခံစင်မြင့်ထက်မှာ ကိုယ့်နိုင်ငံအလံလွှင့်ထူပြီး နိုင်ငံတော်သီချင်းကို အားရပါးရသီဆိုကာ လက်ခုပ်သြဘာများ ဘဝင်ညံအောင်တီးလိုကြပါတယ်။ ရွှေတံဆိပ်များစွာရပြီး ပြိုင်ဘက်နိုင်ငံများက လေးစားချီးကျူးရတဲ့ အနေအထားမျိုးရရှိရန်လည်း ပြည်သူများက ဆန္ဒပြင်းပြလျက်ရှိနေကြပါတယ်။ သို့ပါ၍ အားကစားဝန်ကြီးဌာန၏ SEA Games ပြိုင်ပွဲအတွက် အားကစားနည်းအလိုက် ကြိုတင် ဆောင်ရွက်ချက်များကို ဆွေးနွေးမေးမြန်းမှာဖြစ်ပါတယ်။ လေ့ကျင့်ရေးကိစ္စနှင့် ဆုတံဆိပ်ရရှိမှုအခြေ အနေ၊ အောင်နိုင်ရေးအတွက် အထောက်အကူပြုအဖွဲ့အစည်းများကိစ္စနှင့် မူလရည်မှန်းထားသော အားကစားနည်းများမှ လျှော့ချပြီးတော့ ယှဉ်ပြိုင်မယ့်ကိစ္စတို့ မေးမြန်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားဝန်ကြီးဌာနအနေဖြင့် (၂၇)ကြိမ်မြောက် SEA Games ပြိုင်ပွဲ အတွက် အားကစားအဖွဲ့ချုပ်များမှ အားကစားသမားများ၊ အားကစားနှင့်ကာယပညာသိပ္ပံ ရန်ကုန်နှင့် မန္တလေးမှ အားကစားသမားများ၊ တပ်မတော် တပ်ရင်းတပ်ဖွဲ့များမှ အားကစားသမားများ စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်စနစ်တကျရွေးချယ်ပြီးတော့ လေ့ကျင့်ပေးနေကြောင်း သိရှိရပါတယ်။ ယခုကဲ့သို့

ရွေးချယ်လေ့ကျင့်ပေးမှုဟာ အလွန်ကောင်းမွန်ပြီး မှန်ကန်တဲ့ စနစ်ကျတဲ့ရွေးချယ်ပွဲဖြစ်တဲ့အတွက် ကြောင့်လာမယ့် SEA GAME ပြိုင်ပွဲအတွက် အောင်မြင်မှုရရှိရာ အခြေအနေကောင်းများရရှိ နိုင်မယ်လို့ယုံကြည်ရပါတယ်။ အားကစားပြိုင်ပွဲတစ်ခုအောင်နိုင်မှုရရှိရာမှာ လူရွေးချယ်မှုမှန်ကန်စနစ်ကျပြီး ထူးချွန်သောအားကစားသမားများ၊ တော်သောအားကစားသမားများ၊ စည်းကမ်းရှိသော အားကစားသမားများရရှိရုံဖြင့် မလုံလောက်သေးပါ။ အဲ့ဒီအားကစားသမားများကိုလေ့ကျင့်ပေးနေတဲ့ ပွဲကိုင်ပေးနေတဲ့ လိုသလိုပုံသွင်းနိုင်တဲ့ မဟာဗျူဟာ၊ နည်းဗျူဟာများကျွမ်းကျင်သော နည်းပြဆရာများရဲ့အခန်းကဏ္ဍဟာ အလွန်အရေးကြီးလှပါတယ်။ အရည်အချင်းပြည့်မီတဲ့နည်းပြဆရာကောင်းများဖြင့် လေ့ကျင့်ပေးမှသာလျှင် မိမိတို့မျှော်မှန်းထားတဲ့အောင်မြင်မှုများကိုရရှိနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အာရှအဆင့်အထိမြန်မာတို့ဆုယူခဲ့တဲ့ အစဉ်အလာကြီးမားခဲ့တဲ့ ပြေးခုန်ပစ်၊ သေနတ်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဂျူဒို၊ ကရာတေးဒို၊ တိုက်ကွမ်ဒိုကစားနည်းများ၊ ဘောလုံး၊ ဘောလီဘော၊ လှေလှော်၊ မြားပစ်၊ ဝူရှူး၊ ပိုက်ကျော်ခြင်းစသော ရွှေရရှိနိုင်တဲ့ ကစားနည်းများအတွက် ပြည်တွင်းပြည်ပနိုင်ငံများသို့ စေလွှတ်ပူးတွဲလေ့ကျင့်မှုများအခြေအနေများကို ပြည်သူများက သိရှိလိုကြပါတယ်။ ဒါ့အပြင် (၂၆) ကြိမ်မြောက် SEA GAME ပြိုင်ပွဲတုန်းက ဆုလုံးဝမရရှိခဲ့တဲ့ အားကစားနည်း ၈ မျိုးဖြစ်ကြတဲ့ ကြက်တောင်၊ ဂေါက်သီး၊ စားပွဲတင်တင်းနစ်၊ စက်ဘီး၊ ကျွမ်းဘား၊ ဘတ်စ်ကက်ဘော၊ နပန်းစတဲ့ အားကစားနည်းများအတွက် အောင်နိုင်မှုအလာအလားအခြေအနေနဲ့ ပြိုင်ပွဲဝင်နိုင်မယ့်အခြေအနေကိုလည်း သိရှိလိုပါတယ်။ မည်သည့်အားကစားနည်းများဟာ နိုင်ငံခြားနည်းပြဆရာများနှင့်လေ့ကျင့်နေသည်ကိုလည်းကောင်း၊ ပြည်ပနိုင်ငံများသို့ စေလွှတ်လေ့ကျင့်နေသော အားကစားနည်းများကိုလည်းကောင်း သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျွန်တော်တို့ ဝိတ်တင်ကဲ့သို့ အားကစားနည်းများ မြားပစ်ကစားနည်းကဲ့သို့သော အားကစားနည်းများဟာ မကြာမီအတွင်းက ဖိတ်ခေါ်ပြီးတော့ ပြိုင်ပွဲများကျင်းပခဲ့တာတွေ့ရှိခဲ့ရပါတယ်။ အခြားသော အားကစားနည်းများကိုလည်း နိုင်ငံတကာနှင့် ဖိတ်ခေါ်လက်ရည်စစ်ပြိုင်ပွဲများ ကျွန်တော်တို့ ပွဲတော်မှာဖိတ်ခေါ်ယှဉ်ပြိုင်မှုအခြေအနေ ရှိ၊ မရှိကိုလည်း သိရှိလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားပွဲအောင်နိုင်ရေးအတွက် အထောက်အကူပြုအဖွဲ့များကိုစွဆွေးနွေးလိုပါတယ်။ အားကစားပြိုင်ပွဲတစ်ခုအောင်နိုင်ရေးမှာ ထူးချွန်သော အားကစားသမားများ၊ အဆင့်မီသော နည်းပြဆရာများရဲ့ အခန်းကဏ္ဍဟာ အဓိကကျသလို အထောက်အကူပြုခေတ်မီပစ္စည်းများ၊ အထောက်အကူပြု လူပုဂ္ဂိုလ်အဖွဲ့အစည်းများဟာလည်း လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

ဝန်ကြီးဌာနတစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်နေရုံနဲ့ အောင်နိုင်မှုအပြည့်အဝ မရရှိနိုင်ပါ။ ဝန်ကြီးဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ၊ ပြည်သူလူထုတစ်ရပ်လုံးအပြင် အားကစားအသိပညာရှင်၊ အားကစားအတတ်ပညာရှင်များပါ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ မိမိတို့မျှော်မှန်းသလောက် အောင်မြင်မှုရရှိမည်ဖြစ်ပါတယ်။ ယခုအခါ ဝန်ကြီးဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြောင်း တွေ့ရှိရပါတယ်။ သို့သော် အားကစားလေ့ကျင့်ရာမှာ အထောက်အကူပြုအဖွဲ့အစည်းတစ်ခုလိုအပ်နေတယ်လို့ ထင်မြင်မိပါတယ်။ အဲဒီအဖွဲ့အစည်းကတော့ အားကစားနည်းအလိုက် ကျွမ်းကျင်သော ပုဂ္ဂိုလ်ကြီးများ နိုင်ငံတကာအားကစားနှင့် မြန်မာ့အားကစားကို သိရှိလေ့လာထားကြောင်း အားကစားကလောင်ရှင်များပါဝင်သော အထောက်အကူပြုအဖွဲ့ဖြစ်ပါတယ်။ ထိုအဖွဲ့ကို သက်ဆိုင်ရာအားကစားနည်းအလိုက် အနားယူသွားသော နိုင်ငံတကာမှ အတွေ့အကြုံများစွာရှိသော နည်းပြကြီးများ၊ နိုင်ငံတကာပြိုင်ပွဲများတွင် အကြိမ်ပေါင်းများစွာယှဉ်ပြိုင်ပြီး ဆုတံဆိပ်များ ရရှိထားသော အားကစားသမားဟောင်းကြီးများ၊ အားကစားကလောင်ရှင်များ ပါဝင်ဖွဲ့စည်းပြီးတော့ တာဝန်ပေးသင့်ပါတယ်။ အဆိုပါအဖွဲ့အား အားကစားလေ့ကျင့်နေသော ကန့်များသို့ အခါအားလျော်စွာ ဖိတ်ခေါ်ပြီး အကြံဉာဏ်များရယူခြင်း၊ အတွေ့အကြုံများဟောပြောစေခြင်း၊ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုများ ပြုလုပ်စေခြင်းအပြင် အားကစားသမားများရဲ့ လက်ရည်စစ်ပွဲဖြစ်တဲ့ **တက်စမတ်** ပွဲများကိုလည်း ဖိတ်ခေါ်ပြသပြီးတော့ အကဲဖြတ်စေခြင်းစသည်ဖြင့် ဆောင်ရွက်ပေးစေပါက အားကစားသမားများရဲ့ တိုးတက်မှုအခြေအနေမှန်များကို သိရှိနိုင်မှာဖြစ်ပါတယ်။ သို့ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဖော်ပြပါ အဖွဲ့အစည်းမျိုး သို့မဟုတ် အလားတူ အထောက်အကူပြုအဖွဲ့အစည်းမျိုး ဖွဲ့စည်းတာဝန်ပေးအပ်ရန် အစီအစဉ်ရှိမရှိ သိရှိလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ (၂၇) ကြိမ်မြောက် SEA GAME ပြိုင်ပွဲမှာ အားကစားအမျိုးပေါင်း ၃၂ မျိုးပါဝင်ယှဉ်ပြိုင်မယ်လို့ မူလကလျာထားပေမယ်လို့ နောက်ပိုင်း ၂၉ မျိုးသာယှဉ်ပြိုင်မယ်လို့သိရပါတယ်။ အဲ့ဒီမှာ ကြက်တောင်နှင့် ပင်ပေါင်အားကစားနည်းမပါဝင်ဘူးလို့ သိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က မေးခွန်းထပ်မေးထားပါတယ်။ ကြက်တောင်အားကစားနှင့် ပင်ပေါင်အားကစားကို ထည့်ပေးပါ။ ကြက်တောင်အနေဖြင့် အနည်းငယ် ပေါ်လစ်လုပ်ပြီးတော့ ကျွမ်းကျင်သောနိုင်ငံခြားနည်းပြများနှင့်လေ့ကျင့်လိုက်လျှင် တတိယဆုရရှိနိုင်ကြောင်း ကျွန်တော်ဒီလိုမေးခဲ့ပါတယ်။ ဒါပေမယ့်လို့ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၈ ရက်နေ့က နောက်ဆုံးဆုံးဖြတ်ချက်မှာ ကြက်တောင်၊ ပင်ပေါင်အပါအဝင် အားကစားနည်း ၃၃ မျိုးပါဝင်ယှဉ်ပြိုင်မယ်လို့ ဆုံးဖြတ်လိုက်တဲ့အတွက်ကြောင့် ကြက်တောင်ပါတဲ့

ကိစ္စကတော့ ကျွန်တော် မမေးတော့ပါဘူး။ နောက်ထပ်ဝန်ကြီးကို နည်းနည်းလေးမေးချင်တာကတော့ ကျွန်တော်တို့ အားကစားနည်း ၃၃ မျိုးထဲမှာ ဂိုဗိနမ်ပန်တက်၊ မြွေကင်ပိုးဆိုတာ ပါလာပါတယ်။ ဘာကစားနည်းလဲဆိုတာသိနိုင်ရန် ကျွန်တော်တို့အားရှင်းလင်းတင်ပြပေးပါရန် လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသောင်းထိုက်(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းရဲ့ မေးခွန်းနှင့်ပတ်သက်၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာနှင့် ပလန်ပန်မြို့တွေမှာ ကျင်းပခဲ့ပါတယ်။ အဲ့ဒီပြိုင်ပွဲကို ကျွန်တော်တို့ မြန်မာအားကစားအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၂၇ ခု၊ ကြေးတံဆိပ် ၄၂ ခု၊ စုစုပေါင်းဆုတံဆိပ်ပေါင်း ၈၅ ခု ရရှိပြီး နိုင်ငံအလိုက်အဆင့်မှာ အဆင့် ၇ အဖြစ်နဲ့ ရပ်တည်နိုင်ခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ ပြီးခဲ့တဲ့ (၂၆) ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ ကျွန်တော်တို့ မြန်မာအားကစားအဖွဲ့အနေနဲ့ ဆုတံဆိပ်မရတဲ့ အားကစားနည်းတွေကတော့ ကြက်တောင်၊ ဘတ်စ်ကက်ဘော၊ စက်ဘီး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ရေကူး၊ စားပွဲတင်တင်းနစ်နှင့် တင်းနစ်အားကစားနည်းများပဲဖြစ်ပါတယ်။ (၂၇) ကြိမ်မြောက်အရှေ့တောင် အာရှအားကစားပြိုင်ပွဲကို ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ယခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပမယ့် အချိန်မှာတော့ ကျွန်တော်တို့အနေနဲ့ အဆိုပါကစားနည်း ၈ နည်းအနက်မှ ၆ နည်းဖြစ်တဲ့ ကြက်တောင်၊ ဘတ်စ်ကက်ဘော၊ စက်ဘီး၊ ဂေါက်သီး၊ ရေကူးနှင့် စားပွဲတင်တင်းနစ် အားကစားနည်းများကို ထည့်သွင်းကျင်းပရန် ၂၉-၁-၂၀၁၃ ရက်နေ့က ကျင်းပခဲ့တဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ၊ အတိုကောက်အားဖြင့်တော့ SEAGF လို့ခေါ်ပါ တယ်။ SEAGF ကောင်စီအစည်းအဝေးမှာ ဆွေးနွေးအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ စားပွဲတင်တင်းနစ်၊ ကြက်တောင် ၂ ခုလုံး ထည့်သွင်းကျင်းပရန် အတည်ပြုပြီး

ဖြစ်ပါတယ်။ စုစုပေါင်း အားကစားနည်း ၃၃ နည်း ထည့်သွင်းကျင်းပမှာဖြစ်ပြီးတော့ ဒီအားကစားနည်း ၃၃ နည်းကနေပြီးတော့ ရွှေတံဆိပ်စုစုပေါင်း ၄၆၀ ချီးမြှင့်မယ့်အစီအစဉ်ပြုလုပ်ထားပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတစ်ခုကျင်းပလို့ရှိရင် ထည့်သွင်းရမယ့်အား ကစားနည်းများနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းကို အနည်းငယ်ရှင်းလင်းတင်ပြခွင့်ပြုပါ။ အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်ကောင်စီ SEAGF ဆိုတာ ဖွဲ့စည်းထားပါတယ်။ ဒီကောင်စီမှာ အရှေ့တောင်အာရှနိုင်ငံ **တီမောလက်စတီ** ပါ တိုးလာတဲ့ အတွက်ကြောင့်မို့လို့ ၁၁ နိုင်ငံရှိပါတယ်။ ဒီ ၁၁ နိုင်ငံက အားလုံးသည် အဖွဲ့ချုပ်ကောင်စီရဲ့ Charter Statute စည်းမျဉ်းကို အားလုံးသဘောတူအတည်ပြုထားပါတယ်။ အတည်ပြုသဘောတူ ထားသော စည်းမျဉ်းအရ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတစ်ခု ကျင်းပမည်ဆိုလျှင် အားကစားနည်း ထည့်သွင်းမှုနှင့်ပတ်သက်၍ Category ၃ ခုခွဲထားပါတယ်။ Category (A) အုပ်စု(က)မှာ ရေးကူးအားကစားနည်းနှင့် ပြေးခုန်ပစ်အားကစားနည်းကို မဖြစ်မနေ ထည့်သွင်းကျင်းပရမယ်လို့ သတ်မှတ်ထားပါတယ်။ ဒါကြောင့် ရေကူးအားကစားနည်းနှင့် ပြေးခုန်ပစ်အားကစားနည်းကို Category (A) အရ ထည့်သွင်းထားပါတယ်။ Category (B) အုပ်စု(ခ) မှာ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ ကြီးမှာကျင်းပတဲ့ အားကစားနည်း ၂၈ မျိုးအနက် အာရှအားကစားပြိုင်ပွဲမှာ ကျင်းပသော အားကစား နည်းများထဲမှ စုစုပေါင်းအားကစားနည်း ၁၄ ခုထက်မနည်း ထည့်သွင်းကျင်းပရမယ်လို့သတ်မှတ် ထားပါတယ်။ အိမ်ရှင်နိုင်ငံအနေနဲ့ ၁၄ ခု ထည့်သွင်းကျင်းပရင် ပြည့်စုံလုံလောက်ပါတယ်။ ဒါပေမယ့် အိမ်ရှင်နိုင်ငံအနေနဲ့ ၁၄ ခုထက်ပိုပြီးတော့ ထည့်သွင်းကျင်းပမယ်ဆိုလည်း ခွင့်ပြုပါတယ်။ ကျွန်တော်တို့အနေနဲ့ Category (B) ကနေပြီးတော့ အားကစားနည်း ၂၃ နည်းထည့်သွင်းကျင်းပရန် စီစဉ်ထားပါတယ်။ နောက်ဆုံး Category (C) ဆိုတာကတော့ Taditional Sport ရိုးရာ အားကစားနည်းများဖြစ်ပါတယ်။ ရိုးရာအားကစားနည်းများထဲကနေပြီးတော့ စုစုပေါင်း ၈ မျိုးထက် မပိုသောအားကစားနည်းများကို ထည့်သွင်းကျင်းပရန် ခွင့်ပြုသည်ဆိုတဲ့ သတ်မှတ်ချက်အရ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ရိုးရာအားကစားနည်းများထဲက စုစုပေါင်းအားကစားနည်း ၈ မျိုး ထည့်သွင်းကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် Category (A) (က)အုပ်စုမှ ၂ နည်း၊ (ခ) အုပ်စုမှ ၂၃ နည်း၊ (ဂ) အုပ်စုမှ ၈ နည်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ စုစုပေါင်း အားကစားနည်း ၃၃ နည်း၊ စုစုပေါင်း ရွှေတံဆိပ် ၄၆၀ ချီးမြှင့်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးတင်ပြတဲ့ အားကစားနည်း ၈ နည်းအနေနဲ့ကတော့ ကျွန်တော်တို့

မြန်မာနိုင်ငံအနေနဲ့ ရွှေတံဆိပ်မရရှိနိုင်သော အားကစားနည်းများဖြစ်ပါတယ်။ ဒီလိုဖြစ်ရခြင်း အကြောင်းရင်းကလည်း အားကစားလှုပ်ရှားမှုများနှင့် အဆိုပါ အားကစားနည်းများရဲ့ အားကစား ဆောင်ရွက်မှုများ အနည်းငယ်အားနည်းခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒီအားကစားနည်းများဟာ အာဆီယံ နိုင်ငံများနှင့် ယှဉ်ပြိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ရွှေတံဆိပ်ရရှိရန် အလွန်ခက်ခဲတဲ့ အားကစားနည်းများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ အခုပွဲကျင်းပတဲ့အခါမှာ အဆိုပါအားကစားနည်းများကို ထည့်သွင်းကျင်းပရန် သင့်၊မသင့် ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပြီးတဲ့နောက်ပိုင်းမှာတော့ အဖွဲ့ဝင်နိုင်ငံများရဲ့ တောင်းဆိုမှုကြောင့်လည်းကောင်း၊ အရှေ့ တောင်အာရှမှာ အစဉ်အလာရှိသော အားကစားနည်းများဖြစ်၍လည်းကောင်း အဆိုပါအားကစား နည်းများ ထည့်သွင်းကျင်းပခြင်းဖြင့် မိမိနိုင်ငံရဲ့ အားကစားအောင်မြင်မှုကို ကြီးမားစွာမထိခိုက်နိုင်ဟု သုံးသပ်၍လည်းကောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်နိုင်ငံများနှင့် ချစ်ခင်ရင်းနှီးမှု အစွန့်ရှည်တည်ဆောက်ရန် ရည်ရွယ်၍လည်းကောင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲရဲ့ ဆောင်ပုဒ်ဖြစ်သော GREEN, CLEAN, and FRIENDSHIP ဆိုတဲ့ MOTTO ကို စောင့်ထိန်းမြှင့်တင်လိုသော သဘောဖြင့် ကျွန်တော်တို့ အားကစားနည်း ၈ နည်းအနက်မှ တင်ပြပါ ကြက်တောင်၊ ဘတ်စ်ကက်ဘော၊ စက်ဘီး၊ ဂေါက်သီး၊ ရေကူးနှင့် စားပွဲတင်တင်းနစ်အားကစားနည်း ၆ မျိုးကို ထည့်သွင်းကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါကြောင်းတင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ မြန်မာ့အားကစားအဖွဲ့ အောင်မြင်မှုရရှိရေးနဲ့ နိုင်ငံအလိုက် အဆင့်မှာ ပိုမိုမြင့်တက်သော အဆင့်ကို ရရှိရေးအတွက် ကျွန်တော်တို့ အားကစားဝန်ကြီး ဌာနအနေနဲ့ အစွမ်းကုန် ပြင်းပြင်းထန်ထန်ကြိုးစားကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ အားကစား သမားများအနေနဲ့လည်း ပြင်းပြင်းထန်ထန်နည်းစနစ်မှန်မှန် ကြိုးစားလေ့ကျင့်လျက်ရှိပါတယ်။ ဒီလို လေ့ကျင့်ခန်းများ၊ လေ့ကျင့်ရေးစခန်းများ၊ အားကစားသမားများ လေ့ကျင့်ဆောင်ရွက်မှုများ အားလုံး ကို နေပြည်တော်မှာပဲ ဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့်မို့လို့ အခွင့်အခါသင့်ရင်လည်း ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ မျက်မြင်လာရောက် ကြည့်ရှုအားပေးကြရန်လည်း ဒီနေရာကနေ ကျွန်တော်တို့ ဖိတ်ကြားတင်ပြလိုပါတယ်။ အားကစားဝန်ကြီးဌာနအနေနဲ့ ပြိုင်ပွဲ ကျင်းပမယ့် အားကစားကွင်းရုံများကို နိုင်ငံတကာအဆင့်မီ တည်ဆောက်လျက်ရှိပါတယ်။ အချို့သော အားကစားကွင်းများဟာ ရာခိုင်နှုန်းပြည့်ပြီးစီးပြီး အချို့သောကွင်းများကလည်း ၈၅ ရာခိုင်နှုန်း

အထက်ကို ရောက်ရှိနေပါပြီ။ အားလုံးဟာ ၂၀၁၃ ခုနှစ်၊ မတ်လမှာ ၃၁ ရက်နေ့မှာ ပြိုင်ပွဲ ကျင်းပမယ့် အားကစားကွင်းရုံအားလုံးပြီးစီးမှာဖြစ်ပါတယ်။ အားကစားကွင်းရုံပတ်ဝန်းကျင်မှာ စိမ်းလန်းစိုပြေရေး အတွက်လည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ အားကစားသမားများ အားကစား အောင်မြင်မှုရရှိရေး အားကစားစံချိန်စံညွှန်းမြင့်တင်ရေးအတွက် ဆောင်ရွက်သော အချက်အချို့ ကိုလည်း ကျွန်တော်ဆက်လက်တင်ပြပါမယ်။ အားကစားသမားများ ယခုတည်းခိုနေတဲ့ စပို့စကန့်မှာ အားလုံးနိုင်ငံတကာအဆင့်မီ တည်ဆောက်ပေးထားပါတယ်။ စားသောက်ဆောင်များကိုလည်း ဆောက်လုပ်ပြီး အဟာရပြည့်ဝစွာ ဘူးဖေးစနစ်နဲ့ နှစ်သက်သလောက်စားသုံးနိုင်တဲ့ အစီအစဉ်များကို အာဟာရပြည့်ဝစွာ ကျွေးမွေးလျက်ရှိပါတယ်။ အားကစားလေ့ကျင့်ရေးစခန်းများကိုလည်း နိုင်ငံတကာ အဆင့်မီ တည်ဆောက်ပေးထားပါတယ်။ နိုင်ငံတကာစံချိန်စံညွှန်းမီတဲ့ အားကစားလေ့ကျင့်ရေးပစ္စည်း များ၊ အားကစားဝတ်စုံများကို ဝယ်ယူပြီးတော့ အားလုံးဖြည့်ဆည်းပေးထားပါတယ်။ နိုင်ငံတကာမှ အားကစားလေ့ကျင့်ရေးနည်းပြများလည်း ငှားရမ်းထားပါတယ်။ နိုင်ငံတကာမှ အားကစား လေ့ကျင့်ရေးနည်းပြအနေနဲ့ကတော့ G to G တရုတ်နိုင်ငံက စေလွှတ်ပေးတဲ့ အားကစားနည်းပြ ၂၅ ဦးရှိပါတယ်။ ကျန်တဲ့ တရုတ်နိုင်ငံက မဟုတ်တဲ့ ဂျပန်၊ ကာစစ်စတန် အစရှိသော နိုင်ငံများက အားကစားနည်းပြ ၁၈ ဦးရှိပါတယ်။ အားကစားဆေးပညာဆိုင်ရာ အထောက်အကူပြုမှုများကိုလည်း အပြည့်အဝစီစဉ်ပေးထားပါတယ်။ သုတေသန Sport Research/ Sport Nureation အားကစား အာဟာရနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ဆန်းစစ်ကျွေးမွေးခြင်း၊ Sport Psychology အားကစား စိတ်ပညာနှင့်ပတ်သက်ပြီးတော့ အားကစားသမားများ စိတ်ဓာတ်တက်ကြွအောင်၊ ပျင်းရိငြီးငွေ့မှု မဖြစ်အောင် ပျော်ရွှင်အောင် အားပေးနှစ်သိမ့်ခြင်းများကို ဆောင်ရွက်ပေးပါတယ်။ အားကစားဆေး ကုသရေးနှင့် ပြန်လည်သန်စွမ်းရေးကိစ္စများကိုလည်း နိုင်ငံတကာအဆင့်မီ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် အတူတကွပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအားကစား ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်မယ့် အားကစားနည်းအားလုံးကို နိုင်ငံခြားသို့ Joint Training စေလွှတ်ရန် ရှိပါတယ်။ G to G အစီအစဉ် အရ တရုတ်နိုင်ငံကနေပြီးတော့ ကျွန်တော်တို့နိုင်ငံအားကစားသမား ၁၇၆ ယောက်ကို မတ်လမှာ တရုတ်ပြည်ကို ခေါ်ယူပြီးတော့ အဆင့်မြင့်အားကစားလေ့ကျင့်ရေးများ ၃ လ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒီ တရုတ်နှင့်ဆောင်ရွက်တဲ့ G to G မှာမပါဝင်တဲ့ အခြားသော အားကစားနည်းများအနေနဲ့ ဂျူဒို၊ ကရာတေးအားကစားနည်းများ ဂျပန်သို့စေလွှတ်ခြင်း၊ တိုက်ကွမ်ဒို အားကစားနည်း ကိုရီးယားသို့ စေလွှတ်ခြင်း၊ လက်ဝှေ့အားကစားနည်းကာစစ်စတန်သို့စေလွှတ်ခြင်း

စတဲ့ နိုင်ငံတကာ Joint Training နိုင်ငံခြား Joint Training အတွက် အားကစားနည်းအားလုံးကို စေလွှတ်ရန် အစီအစဉ်များရေးဆွဲထားပြီးဖြစ်ပါတယ်။ တချို့အားကစားအဖွဲ့ချုပ်မှ အားကစားသမား များအနေနဲ့ နိုင်ငံခြား ၃ နေရာလောက်ထိ သွားရောက်ပြီးတော့ Joint Training ဆောင်ရွက်ရန် စီစဉ်ထားရှိပါတယ်။ နိုင်ငံတကာဖိတ်ခေါ် အားကစားပြိုင်ပွဲများကျင်းပခြင်း နိုင်ငံတကာချစ်ကြည်ရေး လက်ရည်စစ်ပွဲများသို့ စေလွှတ်စေခြင်းဆိုတဲ့ အစီအစဉ်များကိုလည်း ကျွန်တော်တို့ စီစဉ်ရေးဆွဲ ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အားကစားသမားများကို အားကစားအသိပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ အားကစားနည်းစနစ်ဆိုင်ရာ ဗွီဒီယိုများ ပြသရှင်းလင်းခြင်းကိစ္စများကိုလည်း အဆက် မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ အားကစားသမားများရဲ့ သက်သာချောင်ချိရေးနှင့် လစာကိစ္စများ ကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အတွေ့အကြုံရှိတဲ့ အားကစားကျွမ်းကျင်သူများ၊ ကလောင်ရှင်များပါဝင်တဲ့ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ကိုလည်း ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်အနေနဲ့ နှစ်စဉ်ထူးချွန်သော အားကစားသမားများကို ဆုချီးမြှင့်ရေးပွဲများနှင့် သက်ကြီးအားကစားကလောင်ရှင်ကြီးများကို ကန်တော့ပွဲအခမ်းအနားများ ကိုလည်း နှစ်စဉ်ကျင်းပပါမယ်။ ဒီအားကစားကလောင်ရှင်များ အဖွဲ့ချုပ်ကနေပြီးတော့ အားကစား ကျွမ်းကျင်သူများ၊ ကလောင်ရှင်များနှင့်အတူ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အားကစားအောင်နိုင် ရေးအထောက်အကူပြုကိုလည်း ဆက်လက်တိုးချဲ့ဖွဲ့စည်းသွားမှာဖြစ်ပါကြောင်းတင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့ မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့ လပိုင်းအတွင်းက ကျင်းပခဲ့တဲ့ အာရှလူငယ် အလေးမပြိုင်ပွဲနှင့် အရှေ့တောင်အာရှမြားပစ်ပြိုင်ပွဲလိုပဲ ကျန်သော အားကစားနည်းများကိုလည်း ဖိတ်ခေါ်ပြိုင်ပွဲများ ဖိတ်ခေါ်ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ နောက်ဆုံးအနေနဲ့ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ ဗိုဗီနမ်အားကစားဖြစ်ပါတယ်။ ဗိုဗီနမ် အားကစားကတော့ ဗီယက်နမ်နိုင်ငံက အမျိုးသားအားကစားနည်း မာရှယ်အပ်စ် ကိုယ်ခံပညာ အားကစားနည်းဖြစ်ပါတယ်။ ဒီအားကစားနည်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံက အားကစားသမားတွေ ရွှေတံဆိပ်ရရှိအောင် အပြည့်အဝကူညီပေးမယ်။ ပြိုင်ပွဲကိုလည်း ထည့်သွင်း ကျင်းပပါဆိုတဲ့ ဗီယက်နမ်နိုင်ငံ အိုလံပစ်ကော်မတီနဲ့ အရှေ့တောင်အာရှအားကစား အဖွဲ့ချုပ်နိုင်ငံ များရဲ့ သဘောတူညီချက်အရ ဒီအားကစားနည်းကို ထည့်သွင်းခြင်းဖြစ်ပါတယ်။ ပန်ချဆူလပ်ဆိုတဲ့ အားကစားနည်းကတော့ မလေးရှားလူမျိုး၊ အင်ဒိုနီးရှားလူမျိုး၊ ဘရူးနိုင်းနိုင်ငံများမှာ ကစားတဲ့

မာရှယ်အပ်စ် သိုင်းကစားနည်းဖြစ်ပါတယ်။ ဒီအားကစားနည်းမှာလည်း အလားတူပဲ ကျွန်တော်တို့ အားကစားသမားများ ရွှေတံဆိပ်ရရှိရေးအတွက် ကူညီပံပိုးမှုများ၊ ပူးပေါင်းလေ့ကျင့်မှုများနှင့်အတူ နိုင်ငံအားလုံးရဲ့ သဘောတူညီချက်အရ ထည့်သွင်းကျင်းပခြင်းဖြစ်ပါတယ်။ မွေအားကစားနည်း ကတော့ ယခင်တုန်းကတော့ မွေထိုင်းဆိုပြီးတော့ ယိုးဒယားလူမျိုးများရဲ့ ရိုးရာလက်ဝှေ့အားကစား နည်းဖြစ်ပါတယ်။ သို့သော်လည်း နောက်ပိုင်းမှာ ကျွန်တော်တို့ အာဆီယံနိုင်ငံ အားလုံးက ထိုင်းဆိုတဲ့ စကားလုံးကို ဖြုတ်ပြီးတော့ မွေဆိုတဲ့ ရိုးရာအားကစားနည်းအနေနဲ့လည်း သတ်မှတ်ပါတယ်။ ဒီမွေ အားကစားနည်းနှင့်ပတ်သက်လို့လည်း ကျွန်တော်တို့ မြန်မာနိုင်ငံက ရိုးရာလက်ဝှေ့သမားများ အားလုံး ပါဝင်ဆင်နွှဲပါတယ်။ ပြီးခဲ့သော ၆ လက အာရှမွေတံခွန်စိုက်ပြိုင်ပွဲကို ကျွန်တော်တို့ အားကစားသမား ၅ ဦးစေလွှတ်ယှဉ်ပြိုင်ခဲ့ရာမှာ ၂ ဦးက ရွှေတံဆိပ်ရပြီးတော့ ကျွန်တော်တို့ ၁ ဦး ငွေတံဆိပ်၊ ကြေးတံဆိပ် ၂ ဦး၊ စုစုပေါင်း ၅ ဦးလုံး ဆုတံဆိပ်ရရှိခဲ့ပါတယ်။ ယခု ကျင်းပမယ့် အရှေ့တောင် အာရှအားကစားပြိုင်ပွဲရဲ့ မွေအားကစားနည်းမှာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံက ထူးချွန်တဲ့ ထိပ်တန်းရိုးရာလက်ဝှေ့သမားများကို ထည့်သွင်းယှဉ်ပြိုင်ပြီး အောင်မြင်မှုရရှိအောင် ကျွန်တော်တို့ ဆောင်ရွက်ထားကြောင်းတင်ပြလိုပါတယ်။ နောက်ဆုံးတစ်ခုကတော့ ပက်တန်း အားကစားနည်းဆိုတာ ကတော့ ကျွန်တော်တို့ သတ္တုဘောလုံးတစ်ခုကို ပစ်ပြီးတော့ ကစားရတဲ့ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံများကနေပြီးတော့ ထည့်သွင်းကျင်းပပေးရန် အဆိုပြုတဲ့ အားကစားနည်းဖြစ်ပါတယ်။ ဒီအားကစားနည်းကို ထည့်ပေးရခြင်းအကြောင်းရင်းကလည်း အာဆီယံနိုင်ငံများအချင်းချင်း ယှဉ်ပြိုင် တဲ့အခါမှာ ဆုတံဆိပ်တစ်ခုမှမရဘဲ လက်ဗလာနဲ့ အိမ်ကို ပြန်သွားရမယ့်နိုင်ငံများ မပါရှိအောင် Friendship ခေါင်းစဉ်အောက်ကနေ ကျွန်တော်တို့ ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်သောအားဖြင့် ထည့်သွင်းကျင်းပပေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နိဂုံးချုပ်တင်ပြချင်တာကတော့ ကျွန်တော်တို့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးမှာ မြန်မာနိုင်ငံမှာ လွန်ခဲ့သော ၄၄ နှစ် ၁၉၆၉ ခုနှစ်က နောက်ဆုံး အိမ်ရှင်အဖြစ် ကျွန်တော်တို့ လက်ခံကျင်းပခဲ့ပါတယ်။ ၄၄ နှစ်ကြာ ပြီးတော့ ယခုတစ်ကြိမ် ပြန်လည်ကျင်းပခြင်းဖြစ်ပါတယ်။ အာဆီယံနိုင်ငံများ အလှည့်ကျ ၂ နှစ် တစ်ကြိမ် ကျင်းပသွားလျှင် နောင် ၂၂ နှစ်ကြာမှ ကျွန်တော်တို့နိုင်ငံအတွက် ပြန်လည်အလှည့်ကျမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သက်တမ်းမှာ တစ်ကြိမ်ကြုံရတဲ့ အိမ်ရှင်အဖြစ် လက်ခံရတဲ့ပွဲမှာတော့ တရားမျှတစွာဖြင့် ကျွန်တော်တို့ အားကစားစိတ်ဓာတ်ရှိရှိနဲ့ အောင်မြင်မှုရရှိအောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွား မှာဖြစ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ က အပိုဒ်ခွဲ(င)နဲ့(စ)ဟာ အားကစားဝန်ကြီးဌာနက ပြန်လည်ဖြေကြားတဲ့ မေးခွန်းနဲ့ ဖြေကြားခြင်းဖြစ်ပါတယ်။ အစီအစဉ် ၅ မှာ ဦးသိန်းရီမေးတဲ့ မေးခွန်းအနက်က ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့တက္ကသိုလ်များရဲ့ အားကစားကွင်းကိစ္စက သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ပြီး နည်းပညာတက္ကသိုလ်များနဲ့ကိစ္စကျတော့ အားကစားဝန်ကြီးဌာနက ကူညီပေးရတယ်ဆိုတဲ့ သဘောပါပါတယ်။ တကယ်တမ်းကျတဲ့အခါကျတော့ ကိုယ့်ဝန်ကြီးဌာနနဲ့ ကိုယ်ဆောင်ရွက်ပေးခြင်းဟာပိုပြီးတော့ သင့်တော်လျော်ကန်ဆီလျော်တဲ့သဘောရှိတဲ့အတွက် ဒီကိစ္စများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာတက္ကသိုလ်အလိုက် ဆောင်ရွက်ပေးနိုင်ရေးအတွက် စဉ်းစားဖို့လိုပါမယ်။ အဲ့ဒီလို စဉ်းစားတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်မှာလည်း အားကစား၊ ယဉ်ကျေးမှုနဲ့ ပြန်ကြားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဖွဲ့စည်းထားပါတယ်။ သူရဦးအေးမြင့်ဥက္ကဋ္ဌဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူရဦးအေးမြင့်တို့အဖွဲ့ကလည်း ဒီကိစ္စနဲ့ ဆက်စပ်ပြီးတော့ ပညာရေးမြှင့်တင်မှုကော်မတီနဲ့ ဆက်စပ်ပြီးတော့ ဆောင်ရွက်ပေးနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ပေးရန်ဖြစ်ပါတယ်။ နောက် ဦးအောင်ဆန်းမေးတဲ့ မေးခွန်းကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းတဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ကျွန်တော်အပါအဝင် ပိုပြီးတော့ ရှင်းရှင်းလင်းလင်းသိရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒီနေရာမှာ လာမယ့် (၂၇) ကြိမ်မြောက်အားကစားပွဲတော်မှာ Clean, Green and Friendship ဆိုတဲ့ ဆောင်ပုဒ်ဟာလည်း အင်မတန်မှ ကောင်းတဲ့ဆောင်ပုဒ်ဖြစ်ပါတယ်။ ရှင်းလင်းချက်အရ ကြားသိလိုက်ရတာက အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေနဲ့ အားကစားပြိုင်ပွဲလာပြီးတော့ လက်ဗလာဆုတံဆိပ်မပါပြန်သွားရမယ့်ကိစ္စကို ရှေးရှုသောအားဖြင့် ချစ်ကြည်ရင်းနှီးမှုကို ရှေးရှုသောအားဖြင့် သူတို့ရဲ့ရိုးရာအားကစားများကို ထည့်သွင်းခဲ့တယ်လို့ ကြားသိရပါတယ်။ ထို့နည်းတူစွာ မိမိတို့မြန်မာနိုင်ငံကရော မြန်မာနိုင်ငံရဲ့ရိုးရာအားကစားတွေ ဒီပွဲထဲမှာ ထည့်ထားခြင်း ရှိ၊ မရှိ။ ထည့်ရန်လို၊ မလိုလည်း စဉ်းစားဖို့လိုပါတယ်။ ဒါကြောင့်လည်း ဒီအားကစားကို ဒီလိုအားကစားပွဲမှာ ထည့်လိုက်ခြင်းအားဖြင့် မိမိတို့အားကစားကို အရှေ့တောင်အာရှ အာဆီယံနိုင်ငံသားတွေမကဘဲနဲ့ အာရှကတစ်ဆင့် နိုင်ငံတကာကိုလည်း ပျံ့နှံ့သွားနိုင်တယ်ဆိုတဲ့ နိုင်ငံရေး၊ လူမှုရေးအတွေးဘက်ကလည်း လုပ်ဆောင်ဖို့လိုမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဒုတိယဝန်ကြီး ဖိတ်ခေါ်သွားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားကစားလေ့ကျင့်ရေးစခန်းများကို လာရောက်လေ့လာပါဆိုတဲ့ နေရာမှာ လွှတ်တော်တစ်ရပ်လုံးအနေနဲ့ မဟုတ်သည့်တိုင် အားကစား၊ ယဉ်ကျေးမှုနဲ့ ပြန်ကြားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌနဲ့

စိတ်ဝင်စားပြီးတော့ ယခင်တုန်းက ဒီအားကစားတွေမှာ ထူးချွန်ထက်မြက်တဲ့ပုဂ္ဂိုလ်များလည်း လာရောက်လည်ပတ်နိုင်ရေး၊ ကြည့်ရှုနိုင်ရေး၊ အားပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်ပါမယ်။ ဒါကြောင့် ခုနက မေးတဲ့မေးခွန်းရှင်မဟုတ်ဘဲနဲ့ မြန်မာနိုင်ငံက ရိုးရာအားကစားတွေကို ဒီ (၂၇) ကြိမ်မြောက်အားကစားပွဲထဲမှာ ထည့်သွင်းထားခြင်းရှိ၊ မရှိ။ ရှိလို့ရှိရင် ဘယ်အားကစားနည်းတွေ ထည့်သွင်းထားတယ်ဆိုတာကိုလည်း ဖြေလို့ရရင် ဖြေပေးဖို့။

**ဦးသောင်းထိုက်(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာ့ခြင်းလုံးအားကစားနည်းကို ယခုလာမယ့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ထည့်သွင်းထားပါတယ်။ အားကစားနည်းသစ် ထည့်သွင်းခြင်းနဲ့ ပတ်သက်လို့ အတိုချုံးတင်ပြပါရစေခင်ဗျား။ အားကစားနည်းအသစ်တစ်ခု ထည့်သွင်းချင်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့ SEAGF လို့ခေါ်တဲ့ South East Asian Sea Game Federation Council ကို တင်ပြရပါတယ်။ Federation Council အစည်းအဝေးက အတည်ပြုလို့ရှိရင် Traditional Sport ဖြစ်ဖြစ် အားကစားနည်းအသစ်ကို ထည့်လို့ရပါတယ်။ ဒါပေမယ့် ပထမဦးဆုံးအကြိမ် ထည့်တဲ့ ပြိုင်ပွဲမှာ ဒီအားကစားနည်းကရတဲ့ဆုတံဆိပ်များကို Medal တာလီမှာ ထည့်သွင်းရေတွက်ခြင်း မပြုပါဘူး။ အကယ်လို့ ကျွန်တော်တို့က ဒီခြင်းလုံးအားကစားနည်းကို မြန်မာ့ရိုးရာခြင်းလုံးဆိုပြီးတော့ ယခု (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အသစ်အနေနဲ့ ထည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ခြင်းလုံးခတ်တဲ့ပြိုင်ပွဲမှာ မြန်မာအားကစားအဖွဲ့အနေနဲ့ ဆုတံဆိပ်များ အများအပြားရရှိမှာဖြစ်သော်လည်း Medal တာလီထဲမှာ ထည့်သွင်းရေတွက်ခြင်း မပြုပါဘူး။ ဒါကြောင့် ကျွန်တော်တို့က Medal တာလီထဲမှာ ထည့်သွင်းရေတွက်နိုင်အောင် ကျွန်တော်တို့ ပိုက်ကျော်ခြင်း အားကစားနည်းရဲ့တစ်ခုသော အားကစားနည်းအဖြစ် Traditional ခြင်းလုံးဆိုပြီးတော့ နာမည်နဲ့ ကျွန်တော်တို့ အားကစားရွှေတံဆိပ်များ ထည့်သွင်းသတ်မှတ်ပြီးတော့ ထည့်လိုက်ပါတယ်။ ဒီအားကစားနည်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ကနေပြီးတော့ Demonstration Team ကနေ အာဆီယံနိုင်ငံအားလုံးကို လှည့်ပြီးတော့ ကျွန်တော်တို့ Rules and Regulation လည်း ဖြန့်ဝေတယ်။ လှည့်လည်ခတ်ပြတဲ့အခါမှာ ကျွန်တော်တို့ ဒီခြင်းလုံးအားကစားနည်းနဲ့ ပတ်သက်ပြီးတော့ နိုင်ငံခုနစ်နိုင်ငံလောက်ကနေ ပါဝင်ကစားမယ်ဆိုတဲ့ ကတိပြုချက်တွေရရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ခြင်းလုံးအားကစားနည်းကို ပါဝင်အောင် ရိုးရာအားကစားနည်းကို ထည့်သွင်းထားပါတယ်။ ခြင်းလုံးအားကစားနည်းအတွက် လူရွေးပွဲကိုလည်း ပြီးခဲ့တဲ့အပတ်က မြန်မာတစ်နိုင်ငံလုံးက ခြင်းလုံးထူးချွန်တဲ့

ဝါသနာရှင် အားကစားသမားများအားလုံးကို ဖိတ်ခေါ်ပြီးတော့ လက်ရွေးစင်ရွေးထားပါတယ်။ ခြင်းလုံးအားကစားနည်းမှာလည်း ဆုတံဆိပ်များရရှိအောင်လည်း ဒီတစ်ကြိမ်မှာ ကျွန်တော်တို့အနေနဲ့ ပိုက်ကျော်ခြင်းနဲ့ တွဲဝင်သော်လည်း နောက်တစ်ကြိမ် စင်ကာပူမှာကျင်းပမယ့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျလို့ရှိရင်တော့ ဒုတိယအကြိမ် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ခြင်းလုံးဟာ သီးခြားခေါင်းစဉ်တစ်ခုအနေနဲ့ မြန်မာ့ရိုးရာခြင်းလုံးကို အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ထည့်သွင်းနိုင်ရေးကို စီစဉ်ဆောင်ရွက်ထားပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၂၀ ခန့် ရပ်နားပါမယ်။ ဒုတိယရှေ့နေချုပ်နဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော့်အခန်းကို ခဏကြွပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၄၀ ခန့် ရပ်နားပါသည်။]**

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ဥက္ကဋ္ဌ ကြေညာသွားတာ မိနစ် ၂၀ ခေတ္တရပ်နားပါမယ်။ လက်တွေ့ကျတော့ မိနစ် ၄၀ ကျော်သွားပါတယ်။ အဲဒီမိနစ် ၄၀ ကျော် အတွင်းမှာလည်းပဲ စထွက်သွားပြီးတော့ ဒီပြန်လာတဲ့အထိ တောက်လျှောက်ပဲ လွှတ်တော်ဆိုင်ရာကိစ္စရပ်တွေကို လုပ်နေတဲ့အတွက် ဒါကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ နားလည်ပေးဖို့ ဖြစ်ပါတယ်။

## ဦးသိန်းအောင်၊ သံဖြူဇရပ်မဲဆန္ဒနယ်က နိုင်ငံသားများ၏ မူလအခွင့်အရေးစံချိန်စံညွှန်းပြည့်မီရေး နှင့် ကာကွယ်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရေးအဆို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒီအဆိုကို တင်သွင်းဖို့ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းအောင်(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အောက်ပါအဆိုနှင့် ပတ်သက်သော စာပိုဒ်များကို ဖတ်ကြားခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေးစံချိန်စံညွှန်းပြည့်မီရေးနှင့် ကာကွယ်ရေးဆိုင်ရာဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရေးအဆို ဖြစ်ပါတယ်။ အကြောင်းအရာကတော့ (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ယခု အချိန်အခါတွင် ပါတီစုံဒီမိုကရေစီနိုင်ငံတော်ထူထောင်လျက်ရှိပါတယ်။ သက်တမ်းအားဖြင့် နှစ်နှစ်ခန့်ရှိပါပြီ။ (၂) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းကို ခြုံငုံသုံးသပ်ကြည့်လျှင် ယခုအချိန်အခါသည် သွေးနုသားနုဒီမိုကရေစီအဆင့်သာရှိသည်ဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံ၏ သမိုင်းသည် (က) သက်ဦးဆံပိုင်ဘုရင်စနစ် ၁၈၈၅ ခုနှစ်အထိ၊ (ခ) ၎င်းနောက် အင်္ဂလိပ်အစိုးရနှင့် ဂျပန်အစိုးရ၊ (ဂ) ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပါလီမန်ဒီမိုကရေစီစနစ်၊ (ဃ) ၁၉၅၈ ခုနှစ် တပ်မတော်အိမ်စောင့်အစိုးရ၊ (င) ၁၉၆၂ ခုနှစ် တပ်မတော်အာဏာသိမ်း ၁၉၇၄ ခုနှစ်အထိ၊ (စ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ တစ်ပါတီစနစ် ၁၉၈၈ အထိ၊ (ဆ) ၁၉၈၈ မှ ၂၀၁၀ အထိ တပ်မတော်အစိုးရ။

အထက်ပါကာလများသည် ၁၉၄၈ ခုနှစ်ကလွဲပြီး ဒီမိုကရေစီဆိပ်သုဉ်းသည့်ကာလဟု ဆိုနိုင်ပါသည်။ (၃) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံဥပဒေရေးဆွဲရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီးနောက် ၂၀၁၀ ရွေးကောက်ပွဲပါတီစုံဒီမိုကရေစီနိုင်ငံတော်ကို တည်ထောင်ခဲ့ပါသည်။ သွေးနုသားနုဒီမိုကရေစီအဆင့်မှ ပိုမိုပီပြင်သော ဒီမိုကရေစီအဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနိုင်အောင် ကြိုးစားလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီအသွင်သဏ္ဌာန်ဖော်ဆောင်ရာတွင် နိုင်ငံသားများအပိုင်းမှ စည်းကမ်းပြည့်ဝရန် လိုအပ်သကဲ့သို့ နိုင်ငံတော်အပိုင်းမှ ခက်မသုံးဖြာအာဏာကျင့်သုံးရာတွင်

စီမံခန့်ခွဲမှုမှန်ကန်ရန် လိုအပ်ပါတယ်။ (၄) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)တွင် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များကို ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၅၃ တွင် မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရဟု ဖော်ပြထားပါတယ်။ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုတွင် လူတစ်ဦးတစ်ယောက်၊ တစ်စု၊ တပ်ဖွဲ့ စသည်ဖြင့် ပါဝင်ပါသည်။ နစ်နာမှုဟုဆိုရာတွင် ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေ ကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ ဥပဒေနှင့်မညီသောထိခိုက်စေခြင်းကို ဆိုလိုသည်။ (၅) နိုင်ငံတော်အပိုင်းတွင် အစိုးရ၊ ဝန်ထမ်းအဖွဲ့အစည်း၊ တပ်မတော်စသည်ဖြင့် ပါဝင်ပါသည်။ နိုင်ငံတော် အစိုးရအပိုင်းတွင် လိုအပ်သော အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ စစ်ရေး၊ တရားစီရင်ရေးစသောကိစ္စများ ဆောင်ရွက်ရာတွင် တစ်ခါတရံ နိုင်ငံသားတစ်ဦးတစ်ယောက်၊ တစ်စု၊ တစ်ဖွဲ့၊ လူအများစသည်ဖြင့် နစ်နာမှုများ ဖြစ်ပေါ်တတ်ပါသည်။ ထိုသို့အကျိုးဆက်ဖြစ်ပွားရာတွင် ယခင်အာဏာရှင်အစိုးရ အဆက်ဆက်တွင် နစ်နာရသည့် နိုင်ငံသားဘက်မှ အထူးတလည်တင်ပြအရေးဆိုမှု ပြုလုပ်ခွင့်မရှိဆိုသော်လည်း ပါတီစုံ ဒီမိုကရေစီခေတ်တွင် ယင်းနစ်နာမှု၏ ကုစားမှုရှိရန် လိုအပ်လာသည်။ အခြေခံဥပဒေပုဒ်မ ၃၅၃ အရ ကုစားမှုကို ဖော်ဆောင်ပေးရန် လိုပါသည်။ (၆) ပါတီစုံဒီမိုကရေစီကျင့်သုံးသော နှစ်နှစ်တာကာလ အတွင်း နစ်နာချက်တွေ၊ မကျေနပ်ချက်တွေ၊ နိုင်ငံတော်သမ္မတထံမှာ တိုင်ကြားချက်တွေ၊ အရေးယူပေး ပါရန် တင်ပြချက်တွေ များစွာရှိနေ ကြောင်းလည်း ကြားသိနေရပါတယ်။ အချို့အုပ်စုဖွဲ့ပြီး ဆန္ဒပြမှုတွေ၊ စီတန်းလမ်းလျှောက်မှုတွေ၊ ကြွေးကျော်မှုတွေ စသည်ဖြင့် လှုပ်ရှားမှုတွေ တွေ့မြင်နေရပါတယ်။ (၇) ဒီဖြစ်ရပ်တွေ မကြီးထွားအောင် ဖြေဖျောက်မှုတစ်ရပ်အနေနှင့် အကြောင်းကြောင်းကြောင့် နစ်နာချက် တွေ ကုစားဖို့နည်းလမ်းတစ်ရပ်ကို ဖော်ဆောင်ဖို့လိုအပ်နေတယ်လို့ ယူဆရပါတယ်။ နိုင်ငံတော်အနေ ဖြင့် နိုင်ငံ့အရေးအရာများကို ဆောင်ရွက်ရာမှာ အရည်အသွေးပြည့်ဝတဲ့၊ ကျွမ်းကျင်တဲ့ ဝန်ထမ်း အဖွဲ့အစည်းရှိဖို့ လိုပါတယ်။ ဝန်ထမ်းအဖွဲ့အစည်းက နိုင်ငံ့အရေးအရာဆောင်ရွက်ရာမှာ အရည်သွေး မပြည့်ဝလို့၊ ပေါ့ဆမှု၊ အဂတိမှု၊ သဘောရိုးမဖြစ်မှုတွေကြောင့် တစ်ခါတရံနိုင်ငံသား၊ ပြည်သူတွေနှင့် ထိပ်တိုက်တွေ့ရတတ်ပါတယ်။ ဥပမာအားဖြင့် ဆရာဝန်၏ပေါ့ဆမှုကြောင့် လူနာသေဆုံးရမှု၊ လုပ်ငန်း တစ်ရပ်ရပ်၊ စီမံကိန်းတစ်ခုခုကြောင့် အများနစ်နာမှု၊ ဖောက်ထွင်းမှုတစ်ရပ်ဖြစ်ပေါ်လို့ ရဲမှမဆင်မခြင် ရမ်းယူချုပ်နှောင်ခြင်းကြောင့် လူကောင်းတစ်ယောက်ယောက် ဖမ်းဆီးချုပ်နှောင်ရမှု(ရမ်းယူပြီး ငြိစွန်းမှုမရှိလို့ လွှတ်ခြင်း)၊ မှားယွင်းမှု၊ လီဆည်မှုကြောင့် လူတစ်ယောက် အကျဉ်းချခံရပြီး အယူခံ ဝင်ရောက်ဆုံးဖြတ်တော့မှ လွတ်မြောက်လာမှု (လူသတ်မှု၊ ထောင်ကျ၊ အယူခံဝင် ၅ နှစ်ကြာမှ

တရားသေလွတ်)၊ မှားယွင်းဝရမ်းကပ်ပြီး ပစ္စည်းဆုံးရှုံးရလို့ နောက်မှငွေကုန်လူပမ်းဖြစ်ရမှု၊ မတရားသော ဘေးအန္တရာယ်ကျရောက်ခံရခြင်း (မြေသိမ်း၊ မြေပြို၊ ရွာပျက်)၊ လက်နက်ကိုင်အဖွဲ့ မှားယွင်းပစ်ခတ်မှုကြောင့် ထိခိုက်သေဆုံးရမှု၊ ဥပဒေအယူအဆမှားယွင်းမှုကြောင့် လူမှုရေးထိခိုက်ရမှုများ စသော နိုင်ငံတော်အပိုင်းမှ ဆောင်ရွက်မှုများဟာ သဘောရိုးဖြစ်တယ်၊ မဖြစ်တယ်ဆိုတာကတော့ ပြဿနာတစ်ခုချင်းလေ့လာရမည့် ကိစ္စဖြစ်ပါတယ်။ ဆင်ခြင်တုံတရား၊ အမြော်အမြင်စသော ကင်းလွတ်ရမြဲအချက်တွေကိုလည်း ပြဿနာတစ်ခုချင်းအလိုက် စိစစ်ရမှာ ဖြစ်ပါတယ်။ (၈) နိဂုံးချုပ်အနေနဲ့ အဓိကတင်ပြလိုတာကတော့ ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရာမှာ နိုင်ငံတော်ဘက်မှဆောင်ရွက်မှုတစ်ရပ်ရပ်ကြောင့် မှားယွင်းချွတ်ချော်မှုတွေ ဖြစ်ပေါ်လာလို့ ဒါဟာ တာဝန်အရဆောင်ရွက်မှုပဲ ကင်းလွတ်ခွင့်ကို ကျယ်ကျယ်ပြန့်ပြန့် ပေးထားရင်တော့ ထိပ်တိုက်ရင်ဆိုင်မှုတွေအတောမသတ်နိုင်လို့ အေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေနိုင်ပါတယ်။ ဒါဆိုရင် နစ်နာမှုခံရသော နိုင်ငံသားဘက်ကို ကြည့်ရင်တရားမျှတမှုရှိပါ့မလား။ ဒီလိုကိစ္စများပေါ်လာရင် နိုင်ငံတော်ဘက်မှတာဝန်ယူရမည်ဆိုသော ပြဋ္ဌာန်းချက်တစ်ရပ်ရှိဖို့ လိုပါတယ်။ ပါတီစုံဒီမိုကရေစီ နိုင်ငံတော်မှ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ လွတ်လပ်မှုကို ကာကွယ်သော ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၅၃ အားသီးခြားဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန် လိုအပ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး လိုအပ်လျှင်လည်း ကျွမ်းကျင်သူဥပဒေပညာရှင်များ၊ ဥပဒေကြမ်းကော်မတီများ၊ လူမှုရေးအဖွဲ့အစည်းများအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ ကုစားမည့်နည်းလမ်းအား ဖော်ထုတ်ပေးနိုင်ပါလျှင် ထိပ်တိုက်ရင်ဆိုင်မှု၊ မကျေနပ်မှုများ လျော့ပါးသွားနိုင်သည့်အတွက် နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လူမှုအခွင့်အရေး စံချိန်စံညွှန်းများကို ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးပါရန် လိုအပ်ကြောင်း အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးသိန်းအောင်ရဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့အား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် ဦးသိန်းအောင်တင်သွင်းသွားတဲ့

နိုင်ငံသားများ၏ မူလအခွင့်အရေး စံချိန်စံညွှန်းပြည့်မီရေးနဲ့ ကာကွယ်ပေးရေးဆိုင်ရာဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရေးအဆိုအား လျော်ကန်သင့်မြတ်တဲ့အတွက် ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဦးသိန်းအောင်၊ သံဖြူဇရပ်မဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးက ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးကို ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ လေးစားစွာဖြင့် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ မွန်ပြည်နယ်၊ သံဖြူဇရပ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်တင်သွင်းတဲ့ နိုင်ငံသားများရဲ့ မူလအခွင့် အရေးစံချိန်စံညွှန်းပြည့်မီရေးနှင့် ကာကွယ်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရေးအဆိုဟာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ၂၃-၁၁-၂၀၁၂ ရက်နေ့မှာ ပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းက မြန်မာနိုင်ငံသားများ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဥပဒေကြမ်း ကိုအဆိုအဖြစ် ပြောင်းလဲတင်သွင်းဆွေးနွေးပြီးတော့ ပြည်သူ့လွှတ်တော်ကနေ မြန်မာနိုင်ငံသားများ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဥပဒေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း တစ်ခုခုဆောင်ရွက်ပေးဖို့ ပြည်ထောင်စုအစိုးရနှင့် လွှတ်တော်ကို တိုက်တွန်းကြောင်းအဆိုအဖြစ် ပြင်ဆင်ပြောင်းလဲကာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။ ဒီ အတည်ပြုခဲ့တဲ့ အဆိုနှင့်စပ်လျဉ်း၍လည်း ပြည်ထောင်စုရှေ့နေချုပ်အနေဖြင့် ဥပဒေကို စိစစ်ပြင်ဆင်ဆောင်ရွက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်တင်သွင်းတဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေး စံချိန်စံညွှန်းပြည့်မီရေးနှင့် ကာကွယ်ရေးဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရေးအဆိုဟာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း တင်သွင်း၍ လွှတ်တော်က အတည်ပြုခဲ့တဲ့ အဆိုနှင့် သဘောထားချင်းလည်း တူညီ၍လည်းကောင်း၊

ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းလည်းဖြစ်တဲ့အတွက်ကြောင့်လည်းကောင်း ယခု ကိုယ်စားလှယ်ကြီး တင်ပြတဲ့ တင်ပြချက်များနှင့်စပ်လျဉ်း၍လည်း ထည့်သွင်းပြီးတော့ ရေးဆွဲတဲ့အခါမှာ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက်ကြောင့် ဒီအဆိုကိုတော့ မှတ်တမ်းအဖြစ်နဲ့သာ ထားရှိသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းအောင်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးသိန်းအောင်(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ ဒီအဆိုကို မှတ်တမ်းတင်ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် တင်သွင်းတဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေး စံချိန်စံညွှန်းပြည့်မီရေးနှင့် ကာကွယ်ရေးဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရေးအဆိုကို ပြည်ထောင်စုရွှေနေချုပ်ရုံးကလည်း ပြန်လည်ဖြေကြားခဲ့တယ်။ တဖန် သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်ကလည်း ဒီလိုဖြေကြားချက် လွှတ်တော်က မှတ်တမ်းတင် ဆောင်ရွက်မယ့်ကိစ္စအတွက်လည်း သဘောတူတယ်။ ကျေးဇူးတင်ကြောင်းလည်း ပြောသွားပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့သဘောထားကို ကျွန်တော်မေးမြန်းပါမယ်။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်တင်သွင်းတဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေး စံချိန်စံညွှန်းပြည့်မီရေးနှင့် ကာကွယ်ရေးဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရေးအဆိုကို လွှတ်တော်ကမှတ်တမ်းတင်စောင့်ကြည့်ပြီး လိုအပ်ပါက သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း လွှတ်တော်မှာ အတည်ပြု မှတ်တမ်းတင်ထားပါမယ်။ ဒါနဲ့ပတ်သက်ပြီး လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူတဲ့သူ မရှိတဲ့အတွက် သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်တင်သွင်းတဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေး စံချိန်စံညွှန်းပြည့်မီရေးနှင့် ကာကွယ်ရေးဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရေးအဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ပြီး လိုအပ်က သက်ဆိုင်ရာတို့နှင့်ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ ထုတ်ပြန်ပြီးစီးမှုအား လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ပုဒ်မ ၇၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများကို ၆-၂-၂၀၁၃ ရက်နေ့တွင် ထုတ်ပြန်ပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်များထံလည်း ဖြန့်ဝေပြီးဖြစ်ပါတယ်။ ၎င်းနည်းဥပဒေများအား လေ့လာ၍ ပြင်ဆင်၊ ပယ်ဖျက်၊ ဖြည့်စွက်ရန်ရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇ ပုဒ်မခွဲ(ခ)နှင့်အညီ ၁၁-၂-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၂၀၁၂ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ၂၀၁၂ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေကြမ်းကို ၄-၂-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံဖြန့်ဝေပြီးဖြစ်ပါတယ်။ အဆိုပါ ၂၀၁၂ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ရက်ကို ထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂ အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၃-၂-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်က ယခင်တရားရုံးချုပ်(ရန်ကုန်) High Court နှင့် ရန်ကုန်မြို့ ကမ်းနားလမ်းနှင့်ဘဏ်လမ်းကြားရှိ စုပေါင်းတရားရုံးအဆောက်အဦတို့အား လွှဲပြောင်းပေးထားသည့်ကိစ္စကို ပယ်ဖျက်၍ ရှေးဟောင်းအမွေအနှစ်ပစ္စည်းအဖြစ် ထိန်းသိမ်းဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက အရေးကြီးအဆိုတစ်ရပ် တင်သွင်းဖို့ မိမိထံစာနှင့်ရေးသားတင်ပြလာပါတယ်။ ဒါကြောင့် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုအား အရေးကြီးအဆို တင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ တာဝန်ဆောင်ရွက်နေသူလည်း ဖြစ်ပါတယ်။ ဒီနေ့ အစည်းအဝေးမှာ ဥက္ကဋ္ဌကြီးအနေနဲ့ ကျွန်တော့်ကို အရေးကြီးအဆိုတစ်ရပ်တင်သွင်းခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တင်သွင်းမယ့် အရေးကြီးအဆို ကတော့ ယခင်တရားရုံးချုပ် (ရန်ကုန်) High Court နှင့် ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ဘဏ်လမ်း အကြားမှာရှိတဲ့ စုပေါင်းတရားရုံးအဆောက်အအုံတို့ကို လွှဲပြောင်းပေးထားသည့်ကိစ္စကို ပြန်လည် သုံးသပ်၍ ရှေးဟောင်းအမွေအနှစ်ပစ္စည်းအဖြစ် ထိန်းသိမ်းဆောင်ရွက်နိုင်ပါရန် နိုင်ငံတော် အစိုးရသို့ တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ အချိန်ကုန် သက်သာစေရန်အတွက် ဖတ်ကြားတင်ပြခွင့်ပြုရန် လည်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကမ္ဘာမှာ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများကို အလေးအမြတ်ပြုပြီး တန်ဖိုးထားထိန်းသိမ်းကာကွယ်စောင့်ရှောက်နေကြတာကို အားလုံးသိပြီးဖြစ်လို့ အထူးတင်ပြလိုခြင်းမပြုတော့ပါဘူး။ အရှေ့အလယ်ပိုင်းဒေသ အီဂျစ်နိုင်ငံမှ ပိရမစ်ကစလို့ အရှေ့တောင်အာရှက ကမ္ဘောဒီးယားနိုင်ငံ အမ်ကောဝတ်ဘုရားကျောင်းတွင်အဆုံး ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သက်ဆိုင်ရာအစိုးရများက ထိန်းသိမ်းစောင့်ရှောက်ထားတာကြောင့်မို့လို့

နိုင်ငံတကာက လာရောက်လေ့လာသူတွေအတွက် အကျိုးရှိသလို သက်ဆိုင်ရာနိုင်ငံများအတွက် အကျိုးကျေးဇူးများ ရရှိနေပါတယ်။ အမျိုးသားဂုဏ်သိက္ခာလည်း တိုးပွားနေပါတယ်။ ထူးခြားတဲ့ သာဓကတစ်ရပ်အနေနဲ့ ဒီနေ့ကမ္ဘာမှာ အစ္စလာမ်ဘာသာဝင် အများဆုံးရှိတဲ့ အင်ဒိုနီးရှားနိုင်ငံမှာ ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်က တည်ဆောက်ခဲ့တဲ့ ကမ္ဘာ့အကြီးဆုံး ဘောဘောဘူတောပုထိုးတော်ကြီး ကို သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တန်ဖိုးထားထိန်းသိမ်းထားခြင်းပဲ ဖြစ်ပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်ဆိုတဲ့နေရာမှာ သက်ဆိုင်ရာနိုင်ငံ တစ်ခုတည်းကသာမကပဲနဲ့ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ်ပါ ကမ္ဘာ့အဆင့်မီ ထိန်းသိမ်းမှုတွေ ပြုလုပ်နေတာကိုလည်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ပထမမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ ဖွဲ့စည်းတည်ထောင်နိုင်ခဲ့တဲ့ ပုဂံဒေသကိုလည်း ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်နိုင်အောင် နိုင်ငံတော်ပိုင်းမှ တာဝန်ရှိသူတွေက ဒီနေ့ဆောင်ရွက်နေတာကိုလည်း ကြားသိကြမှာ ဖြစ်ပါတယ်။ ဒီအခါမျိုးမှာ သက်တမ်းနှစ် ၁၀၀ ကျော်ရှိတဲ့ ယခင်တရားရုံးချုပ်(ရန်ကုန်) High Court အဆောက်အဦ အပေါ်ထပ်ကို ပြတိုက်အဖြစ် အငှားချထားမယ်ဆိုတဲ့ သတင်းနှင့် ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ဘဏ်လမ်းအကြားမှာရှိတဲ့ သက်တမ်းနှစ် ၉၀ ကျော်ရှိတဲ့ စုပေါင်းတရားရုံး အဆောက်အဦကို ဟိုတယ်လုပ်ငန်းရှင်များကို လွှဲပြောင်းပေးတဲ့ သတင်းကြားရတဲ့အခါမှာ နိုင်ငံတော်အတွင်းမှာရှိတဲ့ တရားသူကြီးများ၊ ရှေ့နေကြီး များနှင့် ဥပဒေပညာရှင်များအပါအဝင် ပြည်သူအများစုက စိတ်နှလုံးမသာမယာ ဖြစ်ကြကြောင်း သိရပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆောက်အအုံများဟာ မူလကတည်းက တရားရေး ဌာနပိုင် အဆောက်အဦများ ဖြစ်ပါတယ်။ တရားရုံးများအဖြစ် ခေတ်အဆက်ဆက် အသုံးပြုခဲ့တဲ့အပြင် လက်ရှိမှာလည်းပဲ တရားရုံးအဖြစ် အသုံးပြုလျက်ရှိတဲ့ အဆောက်အဦများ ဖြစ်ပါတယ်။ ခန့်ညား ထည်ဝါမှုရှိတဲ့အတွက် တရားရုံးများရဲ့ ဂုဏ်ကျက်သရေကိုလည်းပဲ မြင့်မားစေလျက် ရှိပါတယ်။ မြန်မာနိုင်ငံမှာ ခေတ်သစ်တရားစီရင်ရေးစနစ်ကို စတင်ကျင့်သုံးခဲ့တဲ့ သမိုင်းဝင်အဆောက်အဦကြီး ဖြစ်ပါတယ်။ ဝန်ထမ်းများ၊ ပြည်သူများ သွားရေးလာရေးအဆင်ပြေသော နေရာမျိုးမှာလည်း တည်ရှိပါ တယ်။ တန်ဖိုးထားတဲ့နေရာမှာ ကမ္ဘာမှာ နှစ်မျိုးနှစ်စား သတ်မှတ်ထားရှိပါတယ်။ ပထမတစ်မျိုးက ရုပ်ပစ္စည်းတန်ဖိုး (Material Value) ဖြစ်ပြီးတဲ့နောက် နောက်တစ်မျိုးက အမွေအနှစ်တန်ဖိုး (Heritage Value) ဖြစ်ပါတယ်။ ဥပမာအားဖြင့် စကျင်ကျောက်တုံးတစ်ခုဟာ ရုပ်ဝတ္ထုတန်ဖိုးနဲ့သာ တန်ဖိုးဖြတ်ရမှာဖြစ်သော်လည်းပဲ အဲ့ဒီကျောက်တုံးကို ဆင်းတုတော် တစ်ဆူဖြစ်စေ သို့တည်းမဟုတ်

ပန်းပုလက်ရာတစ်ခုအနေနဲ့ဖြစ်စေ ပြောင်းလဲပြီးသွားတဲ့အချိန်မှာ သူ့တန်ဖိုးဟာ မူလရုပ်ဝတ္ထုပစ္စည်းတန်ဖိုးထက် များစွာတန်ဖိုးထိုက်တန်တဲ့ အမွေအနှစ်ပစ္စည်းတန်ဖိုး၊ ယဉ်ကျေးမှုပစ္စည်းတန်ဖိုး၊ အနုပညာတန်ဖိုးတွေ ပေါင်းစပ်ပြီးတော့မှ တန်ဖိုးကြီးပစ္စည်းဖြစ်သွားပါတယ်။ ယခုအချိန်မှာ သတင်းနှင့် စာနယ်ဇင်းများမှ တစ်ဆင့်သိရှိကြတဲ့ ပြည်သူများအနေနဲ့ ဖော်ပြပါ တရားရုံးကိစ္စအတွက်ကိုလည်း နှမြောတသဖြစ်နေကြပါတယ်။ စီးပွားရေးရှုထောင့်သက်သက်က ကြည့်ပြီးတော့မှ လုပ်ငန်းတင်လာတဲ့ လုပ်ငန်းရှင်ကလည်း ကမ်းနားလမ်းမှာရှိတဲ့ စုပေါင်းရုံးကြီးကို အထဲမှာရှိတဲ့ အခန်းတွေကို ပြန်လည်ဖြိုချပြုပြင်နေတာ လုပ်ငန်းရာခိုင်နှုန်း ၃၀ ခန့် ပြီးမြောက်နေကြောင်းလည်း ကြားသိနေရပါတယ်။ ဒါကြောင့်မို့လို့ ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းဖြစ်တဲ့ ယခင်တရားရုံးချုပ် (ရန်ကုန်) High Court နှင့် ကမ်းနားလမ်း စုပေါင်းတရားရုံး အဆောက်အဦတို့ကို လွှဲပြောင်းပေးတဲ့ ကိစ္စပေါ်မှာ အမြန်ပြန်လည်သုံးသပ်၍ လိုအပ်သော ပြုပြင်မှုများ ပြုလုပ်ကာ ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခင်တရားရုံးချုပ် (ရန်ကုန်) High Court နှင့် ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ဘဏ်လမ်းကြားမှာရှိတဲ့ စုပေါင်းတရားရုံး အဆောက်အဦတို့ကို လွှဲပြောင်းပေးမယ့်ကိစ္စကို ပယ်ဖျက်ပြီးတော့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းအဖြစ် ထိန်းသိမ်းဆောင်ရွက်ရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းတဲ့ အရေးပေါ်အဆိုကို ထောက်ခံတင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့ ယခင်တရားရုံးချုပ် (ရန်ကုန်) High Court နှင့်စပ်လျဉ်း၍ ပထမတင်ပြလိုပါတယ်။ ရန်ကုန်မြို့ High Court အဆောက်အအုံဟာ သက်တမ်း ၁၀၇ နှစ်ရှိပြီဖြစ်ပါတယ်။ ၁၉၀၅ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ အဆောက်အဦဖြစ်ပါတယ်။ နေပြည်တော်တရားလွှတ်တော်ချုပ်မပေါ်မီ နိုင်ငံရဲ့ အမြင့်ဆုံးတရားရုံးအဖြစ် နှစ်ပေါင်း ၁၀၀ ကျော်တည်ရှိခဲ့ပြီး ဖြစ်တဲ့အတွက် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းဖြစ်ကြောင်း အငြင်းပွားစရာမရှိပါဘူး။ ယခုလက်ရှိအနေအထားမှာ ရန်ကုန်တိုင်းဒေသကြီး၏ အမြင့်ဆုံး

တရားလွှတ်တော်အဖြစ် အသုံးပြုနေဆဲဖြစ်ပါတယ်။ ဒီလိုအဆောက်အဦမျိုးကို အခကြေးငွေယူပြီး စာကြည့်တိုက်၊ ပြတိုက်နှင့် တွဲဖက်ထားမယ်ဆိုရင် လုံးဝသဘာဝမကျတဲ့ကိစ္စဖြစ်ပါတယ်။ အမျိုးသား ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းတစ်ရပ်ကိုဖြစ်စေ၊ တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကို လွှဲပြောင်းပေးရန် လုံးဝမသင့်လျော်ကြောင်း ကျွန်တော်အလေးအနက် ကန့်ကွက်လိုပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြလိုတာကတော့ ကမ်းနားလမ်းနှင့် ဘဏ်လမ်းကြားမှာရှိတဲ့ ရန်ကုန်တိုင်းစုပေါင်းရုံးနှင့် ပတ်သက်ပြီး တင်ပြလိုပါတယ်။ စုပေါင်းတရားရုံးအဆောက်အဦကို ၁၉၂၇ ခုနှစ်က စတင်ပြီး အသုံးပြုခဲ့ရာမှာ ယခုအခါ သက်တမ်း ၈၇ နှစ်ရှိပြီ ဖြစ်ပါတယ်။ စတင်ဆောက်လုပ်စဉ်ကတည်းက တရားရုံးရဲ့လိုအပ်ချက်များကို ဒီဇိုင်း ဖော်ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက် မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးလူမျိုးစု လွှတ်တော်အစည်းအဝေးကို ၁၉၄၈ ခုနှစ်မှာ ကျင်းပခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီအဆောက်အဦဟာ အမျိုးသား ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းအဖြစ် အထင်အရှားရှိခဲ့ပြီး ဖြစ်ပါတယ်။ လမ်းစဉ်ပါတီခေတ် မှာတော့ ပါတီဌာနချုပ်ရုံးအဖြစ်အသုံးချခဲ့သော်လည်းပဲ ၁၉၈၈ ခုနှစ်နောက်ကစပြီး ဒီနေ့အထိ စုပေါင်းတရားရုံးအဖြစ် စဉ်ဆက်မပြတ်သုံးစွဲနေခဲ့တဲ့ အဆောက်အဦလည်း ဖြစ်ပါတယ်။ ဒါကြောင့် လည်း မြန်မာနိုင်ငံရဲ့ တရားရေးသမိုင်းမှာ အလွန်အရေးပါလှတဲ့ အဆောက်အဦဖြစ်ပါတယ်။ ယခုအခါ ဒီအဆောက်အဦကို ပုဂ္ဂလိကကို လွှဲပြောင်းပေးလိုက်ပြီကြားလို့ ဥပဒေနှင့်အသက်မွေးဝမ်းကျောင်း ပြုတဲ့ ဥပဒေပညာရှင်တွေ၊ ရှေ့နေရှေ့ရပ်များနှင့် တရားသူကြီးများအားလုံးအပြင် မိဘပြည်သူများ ကလည်း များစွာစိတ်မကောင်းဖြစ်လျက်ရှိပါတယ်။ ယခုအခါ အရှေ့ပိုင်းခရိုင်တရားရုံး၊ အနောက်ပိုင်း ခရိုင်တရားရုံး၊ မြို့နယ်မှာရှိတဲ့ မြို့နယ်တရားရုံးများဟာ ကြိုတင်ပြင်ဆင်ထားခြင်းမရှိဘဲနှင့် မြို့စွန်မြို့ဖျား လူနေအဆောက်အအုံကြား ပြောင်းရွှေ့ခဲ့တဲ့အတွက် ရှေ့နေရှေ့ရပ်များ၊ တရားသူကြီး များ၊ အမှုသည်များအားလုံး သွားရေးလာရေးအဆင်မပြေဖြစ်လျက်ရှိပါတယ်။ ဒီအဆောက်အဦကို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်အား လွှဲပြောင်းပေးခြင်းက ပြည်သူအတွက်လား၊ နိုင်ငံတော်အတွက် လား၊ စီးပွားရေးလုပ်ငန်းရှင်အတွက်လားဆိုတာ အင်မတန်ဖြေရှင်းရတဲ့ကိစ္စဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် ဒီအဆောက်အဦ နှစ်ခုစလုံးကို လွှဲပြောင်းပေးခြင်းကိစ္စအပေါ် ပယ်ဖျက်ပြီး အမျိုးသား အမွေအနှစ်ပစ္စည်းအဖြစ် ဆက်လက်ထိန်းသိမ်းရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းတဲ့အဆိုကို အလေးအနက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၀င်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုနဲ့ အဓိပ္ပာယ်တူညီသော ကြယ်ပွင့်မပြမေးခွန်းကို ပုသိမ်မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က မေးမြန်းခဲ့ပါတယ်။ ကြယ်ပွင့်မပြမေးခွန်းဖြစ်တဲ့အတွက် အဖြေကလည်း စာနှင့်ရေးသားပေးထားတာရှိပါတယ်။ သို့ရာတွင် ဒီနေ့ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက ဒီအဆိုတင်သွင်းလာတဲ့အခါမှာ မိမိလွှတ်တော် ဥက္ကဋ္ဌအနေနဲ့ ပြည်ထောင်စုအစိုးရကို အကြောင်းကြားပါတယ်။ အရေးကြီးအဆိုတင်သွင်းလာတယ်။ ဒီအဆိုကို နားထောင်ပြီး လိုအပ်မယ်ဆိုရင် ဖြေရှင်းဆောင်ရွက်ပေးနိုင်မယ့် အစိုးရအဖွဲ့ရဲ့ ကိုယ်စားလှယ်လိုအပ်နေပါတယ်။ အကြောင်းကြားတဲ့အခါမှာ ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စု ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးကို တာဝန်ပေးမှာဖြစ်ကြောင်း ပြန်ကြားလာပါတယ်။ ထို့နည်းတူစွာပဲ ဦးထွန်းထွန်းဦးဆီကို တစ်ချိန်က ဦးဝင်းမြင့်မေးတဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားတဲ့ အဖြေများလည်း ပေးပို့လာကြောင်း သိရပါတယ်။ ထို့နည်းတူစွာပဲ ဒီနေ့ ခေတ္တအားလပ်ချိန်မှာပဲ အစိုးရအဖွဲ့ရုံးက လှမ်းပြီးတော့ အကြောင်းကြားညှိနှိုင်းတာရှိပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ ဒေါက်တာတစ်ဦးဦးဆောင်ပြီးတော့ မနက်ဖြန်မှာ မိမိလွှတ်တော်ဥက္ကဋ္ဌထံကို လာရောက် ရှင်းလင်းပြောကြားပါမယ်။ သို့မဟုတ်လို့ရှိရင် လွှတ်တော်မှာ ရှင်းလင်းတင်ပြပါမယ်ဆိုပြီးတော့ အကြောင်းကြားတင်ပြလာပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ မိမိအကြောင်းပြန်ခဲ့ပါတယ်။ အကြောင်းပြန်ခဲ့တာကတော့ ဒီနေ့ သူရဦးအောင်ကိုရဲ့ အဆိုတင်သွင်းတဲ့အပေါ်မူတည်ပြီးတော့ ယခင်ပုသိမ်မဲဆန္ဒနယ်က ဦးဝင်းမြင့်ရေးတဲ့စာကို ဖတ်ကြားရှင်းလင်းမယ်ဆိုရင် လုံလောက်မယ်လို့ ယူဆပါတယ်။ တကယ်လို့ မလုံလောက်သေးဘူးဆိုရင်တော့ လွှတ်တော်မှာ လာရောက်ရှင်းလင်းပြဖို့ စီစဉ်ပါမယ်လို့ ဒီလိုပဲ ပြန်ကြားခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့ အဆိုကို တင်သွင်းထားတဲ့အဆိုအပေါ် အစိုးရကိုယ်စားလှယ်ဖြစ်တဲ့ ပြည်ထောင်စု ဒုတိယရှေ့နေချုပ်က အစိုးရအဖွဲ့က ပေးပို့လာတဲ့စာကိုပဲ ဖတ်ကြားပြီးတော့ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို တင်သွင်းတဲ့ အရေးကြီးအဆိုနှင့်

စပ်လျဉ်းပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဒုတိယရှေ့နေချုပ် ကျွန်တော်မှ ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ကိုလိုနီခေတ်အဆောက်အဦများစွာရှိတဲ့အတွက်ကြောင့် ၎င်းတို့ကို မပြိုပျက်သွားအောင်ပြုပြင်ထိန်းသိမ်းပြီးတော့ အခြားနိုင်ငံများနည်းတူ ကမ္ဘာလှည့်ခရီးသွားများကို စွဲဆောင်သွားပါက မြန်မာနိုင်ငံရဲ့ကမ္ဘာလှည့်ခရီးသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူ ပြုမှာဖြစ်တဲ့အကြောင်း နိုင်ငံတကာသမိုင်းပညာရှင်များနဲ့ ကမ္ဘာလှည့်ခရီးသည်များက အကြံပြုသည်များရှိခဲ့ပါတယ်။ ဒီအဆောက်အဦးများကို ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် ထိန်းသိမ်းရမည့်လုပ်ငန်းဟာ အသစ်ဆောက်လုပ်တာထက် ငွေကုန်ကြေးကျများပြားမယ့်အပြင် အတွေ့အကြုံရှိတဲ့ ပညာရှင်များကိုပါ ခေါ်ယူအသုံးပြုရမှာ ဖြစ်ပါတယ်။ တရားရုံးချုပ်အဆောက်အဦဟာ ၁၉၀၅ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ အဆောက်အဦ ဖြစ်ပါတယ်။ ရန်ကုန်မြို့နှင့်နီးတဲ့အတွက်ကြောင့် အောက်ခံမြေမှာရွှံ့နွံများသာဖြစ်ရာ Foundation ကောင်းမွန်ခိုင်ခန့်စေရန်အတွက် ယခင်ခေတ်ကအသုံးပြုတဲ့ နည်းပညာအတိုင်း ၁၅ လက်မ မှ ၁၈ လက်မအထိ အချင်းရှိသော သစ်ယာသားသစ်တုံးများကို ၃ ပေခြားရိုက်သွင်းထားကြောင်း အထောက်အထားများအရ သိရှိရပါတယ်။ ရန်ကုန်အရှေ့ပိုင်း၊ အနောက်ပိုင်းခရိုင် စုပေါင်းရုံးကြီးအား ၁၉၂၇ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် အုတ်မြစ်ချပြီးတည်ဆောက်မှု လျင်မြန်စေရန် သံမဏိတိုင်၊ သံမဏိပေါင်နှင့် သံမဏိယက်မများကို အသုံးပြုတည်ဆောက်ခဲ့ရာ ၁၉၂၈ ခုနှစ်တွင် သံပေါင်လုပ်ငန်းအားလုံး ထူထောင်ပြီးစီးကြောင်း သိရှိရပါ တယ်။ အောက်ခံမြေမှာ ရွှံ့နွံများသာဖြစ်သဖြင့် ပိုင်တိုင် ၆၀၀ စိုက်ခဲ့ရကြောင်း သိရှိရပါတယ်။ စုပေါင်းရုံးကြီးအား ကင်ပေတိုင်ရုံး၊ ပုလိပ်ရုံး၊ ပါတီဌာနချုပ်၊ စုပေါင်းရုံးကြီးအဖြစ် ကာလကြာမြင့်စွာ အသုံးပြုခဲ့ပြီး ၁-၁၀-၂၀၁၀ ရက်နေ့တွင် သက်ဆိုင်ရာခရိုင်ရုံးအသီးသီးသို့ပြောင်းရွှေ့ခဲ့ပါတယ်။ အဆိုပါ လစ်လပ်နေတဲ့ ရုံးကြီးကို ဟိုတယ်လုပ်ငန်းလုပ်ကိုင်လိုသူများမှ လျှောက်ထားလာခြင်း ဖြစ်ပါတယ်။ ဖော်ပြပါ အဆောက်အဦများမှာ ကိုလိုနီခေတ် အဆောက်အဦများ ဖြစ်ပြီး ဗိသုကာပညာရပ်ဆိုင်ရာ လေ့လာကြည့်ရှုနိုင်ရန် ထိန်းသိမ်းထားရှိခြင်းသာဖြစ်ပါတယ်။

ထိုအဆောက်အဦ ၂ လုံးဟာ သက်တမ်းကြာမြင့်ပြီး အကြီးစားပြင်ဆင်ရမည့် အခြေအနေတွင် ရှိရာ ဒေါ်လာသန်းချီ၍ နိုင်ငံတော်အစိုးရက အကုန်အကျခံပြုပြင်မည့်အစား ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် အဆောက်အဦကို ပြုပြင်မွမ်းမံထိန်းသိမ်းကာ အရှည်သဖြင့် ထိန်းသိမ်းကာကွယ်ထားနိုင်စေရန် လည်းကောင်း၊ တစ်ဖက်ကလည်း ဤအဆောက်အဦများဖြင့် ကမ္ဘာလှည့်ခရီးသွားများအား ရန်ကုန်မြို့သို့ဆွဲဆောင်ကာ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူသာမက

အခြားဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ ပါဝင်ငွေတိုးတက်လာစေရန်လည်းကောင်း စဉ်းစားကာ တရားရုံးချုပ်အဆောက်အဦ အခန်းလွတ်များအား တရားရုံးဆိုင်ရာပြတိုက်အဖြစ်လည်းကောင်း၊ စုပေါင်းရုံးကြီးအား ရှေးမူမပျက်မွမ်းမံပြင်ဆင်စေပြီး နိုင်ငံတကာ အဆင့်မီကြယ်ငါးပွင့်ဟိုတယ်အဖြစ် ပြုပြင် ပြောင်းလဲရန်လည်းကောင်း အများပြည်သူအကျိုးငှာစေတနာကောင်းဖြင့် စီမံစဉ်းစားခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါနေရာသည်လည်း မြို့လယ်ခေါင်နိုင်ငံခြားခရီးသွားများလေ့လာရာနေရာဖြစ်၍ အချုပ်ကားများ၊ တရားခံများ နှင့်မြင်ကွင်း မသင့်လျော်ပါကြောင်း တွေ့ရှိနိုင်ပါတယ်။ ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ၁၆-၁၂-၂၀၁၁ ရက်နေ့ နှင့် ၁၇-၁၂-၂၀၁၁ ရက်စွဲ ကြေးမုံ သတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ကြော်ငြာထည့်သွင်းကာ အထက်ပါအဆောက်အဦ နှစ်လုံးအတွက် လုပ်ငန်းလုပ်ကိုင်လိုသူများကို တင်ဒါများခေါ်ယူခဲ့ပါသည်။ ဤသို့ခေါ်ယူခဲ့ရာတွင် တရားရုံးချုပ်အတွက် တင်ဒါတင်သွင်းသူတစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး စုပေါင်းရုံးအဆောက်အဦ အတွက် တင်ဒါတင်သွင်းသူ ၁၆ ဦးရှိခဲ့ရာ ကော်မရှင်သည် တင်ဒါတင်သွင်းသူများအား မျက်နှာစုံညီ ခေါ်ယူတွေ့ဆုံရှင်းလင်းပြကာ ရန်ကုန်တိုင်းဒေသကြီး စုပေါင်းရုံးအား ဟိုတယ်အဖြစ်ထူထောင်ရေး အတွက် စံသတ်မှတ်ချက်များနှင့်အညီ အကဲဖြတ်ပြီး အမှတ်ပေးရွေးချယ်ခဲ့ကြပါသည်။

အဆိုပါအဆောက်အဦနှစ်ခုအနက် High Court အတွက် လစ်လပ်သည့် အခန်းအချို့ကို ပြတိုက်အသွင်ဆောင်ရွက်နိုင်ရန် တစ်ဦးတည်းသောတင်ဒါသွင်းသူဖြစ်သည့် ထွန်းဖောင်ဒေးရှင်း ဘဏ်မှ တင်ပြရာတွင် မြန်မာနိုင်ငံတွင် ရှိသင့်ရှိထိုက်သည့် တရားဥပဒေဆိုင်ရာ Reference Library ကြီးတစ်ခုအဖြစ် ဖွင့်လှစ်လျက် နိုင်ငံတကာမှ ဥပဒေစာအုပ်များ အပါအဝင် e-book ၂ သန်းနှင့် နိုင်ငံတကာ စာအုပ် ၂ သိန်းခန့် ထားမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပမှ ကျမ်းပြုပညာရှင်များ၊ ဥပဒေပညာရှင်များ မှီငြမ်းနိုင်ရန် ၁၉၄၉ ခုနှစ်မှ ယနေ့အချိန်အထိ ထုတ်ဝေထားသည့် ဥပဒေဆိုင်ရာ (Ruling)၊ ဖြတ်ထုံးများ အပါအဝင် ထားရှိပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် တရားရုံးချုပ်တစ်ခုလုံးအား ပြတိုက်အသွင် ဆောင်ရွက်မည်မဟုတ်ဘဲ မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်ကို စိတ်ဝင်စားသူများ လာရောက်လေ့လာကြည့်ရှုနိုင်ရန်အတွက် တရားရုံးများကိုလည်း မူလအတိုင်းထားရှိသွားမည် ဖြစ်ကြောင်း၊ အဆောက်အဦအား မူရင်းပုံသဏ္ဍာန်မပျက်စေဘဲ မွမ်းမံပြင်ဆင်သွားမည် ဖြစ်ကြောင်း ဖော်ပြထားရာ ဆောင်ရွက်မည့်အစီအစဉ်များသည် တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိသဖြင့် လည်းကောင်း၊ တရားစီရင်ရေးဆိုင်ရာဥပဒေနှင့်ဆက်စပ် အထောက်အထားများ စုံစုံလင်လင် ရှိစေမည့်စာကြည့်တိုက် ပေါ်ပေါက်လာမည် ဖြစ်သဖြင့်လည်းကောင်း၊ ခေတ်မီစာအုပ်အသစ်

အဟောင်းများ စုံလင်မည့် စာကြည့်တိုက်ကြီးကို နှစ်ကာလများစွာကပင် စောင့်စားနေကြသော မြန်မာ့လူကြီးလူငယ်ထု၏ ဆန္ဒကို ဖြည့်ဆည်းရာရောက်သဖြင့်လည်းကောင်း ထွန်းဖောင်ဒေးရှင်းဘဏ် အား စိစစ်ရွေးချယ်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး စုပေါင်းရုံးအား ဟိုတယ်အဖြစ်ဆောင်ရွက်ရန် အထက်ဖော်ပြပါ အခြေခံစဉ်းစားသည့် အကြောင်းအချက်များကို အခြေခံ၍ အမှတ်ပေးအကဲဖြတ်ကာ မြန်မာနိုင်ငံသား Flying Tiger Co.,Ltd ကို စိစစ်ရွေးချယ်ခဲ့ပါတယ်။ ၎င်းကုမ္ပဏီအနေဖြင့် စင်ကာပူ နိုင်ငံမှ Dymom Asia Capital ကုမ္ပဏီနှင့်ပေါင်းစပ်ကာ ဖက်စပ်လုပ်ငန်းဖြင့် ဟိုတယ်လုပ်ငန်း ကိုဆောင်ရွက်သွားမည် ဖြစ်ကြောင်း အထောက်အထားများဖြင့် တင်ပြခဲ့ပါတယ်။ ဤသို့ ဆောင်ရွက် ထားသည်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြအတည်ပြု ချက်ရယူခဲ့ရာ နိုင်ငံတော်သမ္မတရုံးက အတည်ပြုသဖြင့် ၎င်းကုမ္ပဏီနှစ်ခုအား ရွေးချယ်တာဝန်ပေး ဆောင်ရွက်စေခဲ့ ပါသည်။ ပြည်ထောင်စုလွှတ်တော်သို့လည်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။ သို့ဖြစ်ပါ၍ တရားရုံးချုပ် အဆောက်အဦအား ဖော်ပြပါအကျိုးကျေးဇူးများအပေါ် အခြေခံ၍အဆောက်အဦ၏ အခန်းလွတ် အချို့ကိုသာ ပြခန်းအဖြစ်အသုံးပြုလျက် ကျန်အစိတ်အပိုင်းများကို လက်ရှိတရားရုံးများ အဖြစ် ဆက်လက်ဆောင်ရွက်ရန်သာ အစီအစဉ်ရှိပါကြောင်း၊ High Court ကိုချစ်ခင်မြတ်နိုးသော၊ မြန်မာ့ ယဉ်ကျေးမှုကိုထိန်းသိမ်းလိုသော ပြည်သူတစ်ဦးမှ မိမိဆန္ဒအလျောက်ထိန်းသိမ်းရန် ကူညီခြင်း ပင် ဖြစ်ကြောင်း၊ နိုင်ငံတော်ပိုင်အဆောက်အဦအဖြစ်သာ လက်ရှိအခြေအနေအတိုင်း ထားရှိမည်ဖြစ်ပါ ကြောင်း၊ ရန်ကုန်တိုင်းခရိုင်တရားရုံးများကို သင့်တော်မည့် နေရာများတွင် တရားစီရင်ရေး လိုအပ်ချက် များ ပြည့်စုံစွာဖြင့် သတ်မှတ်စံချိန်မီ တရားရုံးများအဖြစ် တည်ဆောက်ပေးသွားမည် ဖြစ်ပါသည်။ စုပေါင်းရုံးကိုလည်း ပြည်သူနှင့် နိုင်ငံ့အကျိုးငှာ စဉ်းစား၍ အထက်ပါအတိုင်း ဆောင်ရွက်ခဲ့သည်ကို ပြည်သူများကလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်းကောင်း လက်ခံနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုပြုသူ သူရဦးအောင်ကိုရဲ့ သဘောထားပြောပါ။

**သူရဦးအောင်ကို (ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ ပန်းဆိုးတန်းမှာရှိတဲ့ High Court တရားရုံးချုပ်အဆောက်အဦကြီးကို အပေါ်ဆုံးထပ်တစ်ခုတည်းကိုပဲ တရားရုံးဆိုင်ရာ စာကြည့်တိုက်၊ ပြတိုက်အဖြစ်ထားမယ်။ ကျန်တဲ့ အထပ်တွေ၊ အခန်းတွေကိုတော့ဖြင့် မူရင်းမပျက်တရားရုံးများအဖြစ် ဆက်လက် ထားရှိသွားမယ်ဆိုလို့ရှိရင်တော့ ဒါကျွန်တော်တို့ လက်ခံပါတယ်။ ကျွန်တော့်ဒီအဆိုကို မှတ်တမ်းတင်ပေးဖို့ တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခု အဆိုရှင်တင်ပြခဲ့သလိုပဲ မိမိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်တွေဟာ သတင်း၊ မီဒီယာထဲမှာ ကြားသိနေရပါတယ်။ အဲ့ဒီအတိုင်းပဲ ဆန္ဒပြမယ်၊ တောင်းဆိုမယ်ဆိုတဲ့ သတင်းစကားတွေလည်း ကြားနေပါတယ်။ သို့ရာတွင် အခု အဆိုရှင်တင်ပြလာတဲ့အခါမှာ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရရဲ့ ကိုယ်စားလှယ်က ယခင်ဖြေကြားချက်ကို ပြန်ဖတ်ပြီးတော့ ရှင်းပြတဲ့အခါမှာ စေတနာကောင်း၊ ရည်ရွယ်ချက်ကောင်းနှင့် လုပ်တယ်ဆိုတာသိရပါတယ်။ ဒါဖြစ်ရင် ပြည်သူတွေနဲ့ ခုနက တရားဥပဒေဝန်ထမ်းတွေ၊ တရားရုံးချုပ်ဝန်ထမ်းတွေ၊ ရှေ့နေရှေ့ရပ်တွေက စိတ်မကောင်းဖြစ်ရတာကတော့ အခြေအနေမှန်ကို မသိရတဲ့အတွက်ပဲ ဖြစ်တယ်လို့ ယူဆပါတယ်။ ဒါကြောင့် အခု ဦးအောင်ကိုက ပြန်လည်ပြီးတော့ ယခုကဲ့သို့ စီစဉ်ဆောင်ရွက်နေတာ အမှန်ပဲဆိုရင် မှတ်တမ်းတင်ထားရှိပြီးတော့ ဆောင်ရွက်သွားဖို့ သဘောထားနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့ သဘောထားကို ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဦးအောင်ကိုတင်သွင်းတဲ့ ယခင်တရားရုံးချုပ် (ရန်ကုန်) High Court နှင့် ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ဘဏ်လမ်းအကြားရှိ စုပေါင်းတရားရုံး အဆောက်အဦများအား လွှဲပြောင်းပေးသည့်ကိစ္စကို ဒီနေရာမှာ တစ်ဆက်တည်းပဲ ဦးအောင်ကို ပြန်မေးစရာရှိပါတယ်။ High Court ကိစ္စကတော့ ရှင်းပါပြီ။ ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ဘဏ်လမ်းအကြားရှိ စုပေါင်းတရားရုံး အဆောက်အဦများအား လွှဲပြောင်းပေးသည့်ကိစ္စနှင့် ပတ်သက်လို့ကော ဦးအောင်ကိုရဲ့ သဘောထား ဘယ်လိုများရှိပါသလဲ။

**သူရဦးအောင်ကို (ကန့်ပက်လက်မဲဆန္ဒနယ်)**။ ။ ကမ်းနားလမ်း အဆောက်အဦကြီးကလည်း ရာခိုင်နှုန်း ၃၀ လောက်ပြုပြင်ဖို့ဖျက်ပြီးတယ်လို့ သိရပါတယ်။ နောက်ပြီးတော့လည်း ခုနက ဦးထွန်းထွန်းဦးရှင်းပြတဲ့အခါမှာလည်းပဲ ပြုပြင်ထိန်းသိမ်းစရိတ်က ကြီးမားတဲ့အတွက်ကြောင့်မို့လို့ ဒါကို လည်း ကန့်ကွက်လိုခြင်း မရှိတော့ပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ စုပေါင်းတရားရုံးအဆောက်အဦအား လွှဲပြောင်းပေးထားသည့်ကိစ္စကို ပယ်ဖျက်၍ ရှေးဟောင်းအမွေအနှစ်အဖြစ် ထိန်းသိမ်းဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုအား လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိ ကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့ အတွက် သူရဦးအောင်ကိုရဲ့ အဆိုကို မှတ်တမ်းတင်ထားရှိ စောင့်ကြည့်ကူညီဆောင်ရွက်သွားမှာ ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၁၆) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးရဲ့ (၁၆) ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၆) ရက်မြောက်နေ့ကို ရပ်နားကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင် ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၂း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]